ကုသလန္တိပိ နံ ဘဝိဿတီတိ-ကား၊ ကုသလန္တိ – ကုသိုလ်ဟူသော၊ နံ-မမြို့-အမည်သည်လည်း၊ နံ ဘဝိဿတိ- ဖြစ်လိမ့်မည်မဟုတ်၊ ပညတ္တိ မတ္တမ္ပိ-ကုသိုလ်ဟူသော ပညတ်မျှသည်လည်း၊ နံ ပညာယိဿတိ - တစ်ရွားလိမ့်မည် မဟုတ်၊ လူတိဿဝတ္ထော-နက်၊ ပုဇ္ဇာစ အဝိဿန္တိ ပါဌ်သာစာတိ—ကား၊ "ပုဇာရဟာစ—ပူဇော်ခြင်းကို ထိုက်ကုန်သည်လည်းကောင်း၊ ပဿံသာရဟာစ-ချီးမွမ်းခြင်းကို ထိုက်ကုန်သည်လည်းကောင်း၊ ဘဝိဿန္တိ-ဖြစ်ကြလိမ့်မည်၊ [ပုဇိတမ္ပါတိ ပုဇ္ဇာ၊ ပူဇနဝတ် + ဏျပစ္စည်း၊ ပဿံသိဘဗ္ဗာတိ ပါဌိသာ၊ ပဃုဇ္ဇ + သံသဓာတ် + ဏ ပစ္စည်း။] ကိရ- ချဉ်ငှဲးအံ့၊ တဒါ-၌၊ (လူတို့ ဆယ်နှစ်အသက်တမ်းရှိရာ ထိုအခါ ၌)၊ မနုဿာ–တို့သည်၊ (ပုဇေဿန္တိ ပဿံသိဿန္တိ ၌စ်ပ်)၊ အသုကေနနာမ-ထို

အလံ ပဇေတျာဒ။ ။အလံ + ပတိနောတိ အလံ ပဇေတျာဒ – ၌ကာ ၀စနတ္ထ၊ အလံနှင့် ပတိကို သမာသ်စပ်၍ သွတ္တွဥ် ဏေယျပစ္စည်း ဆက်ပါ-ဟူလို၊ "လင်အား+ထိုက်တန်သောအမျိုးသမီး" (လင်ပေးစားထိုက်သောအမျိုးသမီး) တုအနက်မှတ်ပါ၊ အလံ သဒ္ဒါသည် ယုတ္တ (ပရိယတ္တိ) အနက်ကို ဧဟာ၏၊ အဒ္ဓကထာ၌ ယုတ္တာသည် အလံ၏ အဖွင့်တည်း။

မှန့်၏ – အရဟ (ထိုက်တန်) ဟူသော အနက်နှင့် ယုတ္တ (သင့်လျော်) ပရိယတ္တ (စွမ်းနိုင်) ဟူသော အနက်များသည် တမျိုးတည်းပင်၊ "လင်အား+ထိုက်တန်" ဟူရာ၌ လင်အား ဇနီးအဖြစ်ဖြင့် ပေးခြင်း၌ ထိုက်တန်သည်၊ (လင် ပေးစား+ထိုက်သည်) ဟူသော အဓိပ္ပါယ်ကို ရည်ရွယ်၍ "ဒါတုံ ယုတ္တာ" ဟု ဖွင့်သည်၊ [တသာ ပရိယတ္တ တာ ဘာရိယာဘာဝေနာတိ အာဟ–ဒါတုံ ယုတ္တာတိ-၌ကား။] ရွှေနိုသာယဉ်ကား "ပတိနော+ယုတ္တာ ပဇေယျာ၊ ပဇေယျာဃ + အလံ၊ အလံပဇေတျာ - လင်အား လျောက်ပတ်သော်အဖြစ်၌ စွမ်းနိုင်သည်" ဟု ပြသည်။

မည်သူသည်၊ မဘာဝ– အမိကို၊ ပဟတာ - ဖျက်နှက် ပုတ်ခတ် နှိပ်စက်အပ်ပြီ၊ (အသုကေနနာမ)ပိတာ–ကို၊ ပဟတောဝ၊(အသုကေန နာမ)သမဏဗြာဟ္မဏာ-တို့ကို၊ဇိဝိတာ-ဇီဝိတိန္ဒြေမှ၊(အသက်မှ)၊ဝေါရောပိတာ-ခွဲခြားအပ်ကုန်ပြီ၊(ခွဲအပ်ကုန်ပြီ၊) (အသုကောနာမ) ကုလေ–၌၊ ဧဋ္ဌာနံ–ကြီးသူတို့၏၊ အတ္ထိဘာဝပ္ပိယ-ရှိသည်၏အဖြစ်ကိုလည်း၊ န ဇာနာတိ။ [လေးစား ရှိသေဖို့ပမာဆိုထား၌ခွင့် ရှိမှန်း တောဝ်မှ မသိ-ဟူလို။] အဓောဝ ပရိသော-အောဝ် အုံဖွယ်ယောကျ်ားပါတကား၊ (အဝဂ ယောကျ်ားပါတကား)၊ ဏ္ဍတိ–ဤသို့ ပြောခြင်း၊ တမေဝ–ထိုသူ ကိုပင်၊ ပူဇေယ္ယန္တိဧဝ–ပူဇော်လည်း ပူဇော်ကြလိမ့်မည်၊ ပဃံသိဿန္တိ-ချီးမွမ်းနေလည်း ချီးမွမ်းကြလိမ့်မည်။

နဘဝိဿာ မာတာဘိ ဝါဘိ-ကား၊ အယံ-ဤသူသည်၊ မယှံ-၏၊ မာတာ–တည်း၊ ဏ္ဍတိ - ဤသို့၊ ဂရုစိတ္တံ - လေးစားသူ၏ စိတ်သည်၊ (လေးစားသော စိတ်သည်)၊ နဘဝိဿတိ–ဖြစ်လိမ့်မည် မဟုတ်၊ ဂေဟေ–အိမ်၌၊ (မိမိ အိမ်က) မာတုဂါမံ ဝိယ–ကျွန် မယားဖြစ်သော မာတုဂါမကဲ့သို့၊ နာနာဝိဓံ-အထူးထူး သော အပြားရှိသော၊ အသုဇ္ဈိကထံ-သူတော်ကောင်း မဟုတ်သူတို့၏ စကား၊ကို၊ ကထယမာနာ–ပြောဆိုကုန်လျက်၊ အဂါရဲ့ ဝူပစာရေန-လေးစားမှု မရှိသော ခေါ်ခေါ်ပြောဆိုခြင်းဖြင့်၊ ဥပသင်္ကမိဿန္တိ-ချဉ်းကပ်ကြလိမ့်မည်၊ (ဆက်ဆံကြလိမ့်မည်)၊ မာတုစ္ဆာဒီသုပိ – မာတုစ္ဆာ အစရှိသည်တို့ဌာလည်း၊ သေဝ နယော-တည်း၊ စ-ဆက်၊ ဧတ္ထ-ဤမာတုစ္ဆာ အစရှိသော ပုဒ်တို့ဌာ၊ မာတုစ္ဆာတိ-ကား၊ မာတုဘဂိနိ-အမိ၏ညီမ (အမ)တည်း၊ မာတုလာခိုတိ–ကား၊ မာတုလ ဘရိယာ–ဦးကြီး(ဦးလေး)၏ ဇနီးတည်း၊ [အမေ၏ မောင်ကြီး မောင်ငယ်ကို “ မာတုလ ”ဟု ခေါ်၏။ ထိုသူတို့၏ ဇနီးကို“မာတုလာနီ”ဟု ခေါ်သည်။] အာစရိယ ဘရိယာတိ–ကား၊ သိပ္ပါယတနာနံ – အသက်မွေး ဝမ်းကျောင်း၏ တည်ရာ အတတ်တို့ကို၊ သိက္ခာပကဿ–သင်ယူစေတတ်သော၊ (သင်ပေးတတ် သော)၊ အာစရိယဿ-၏၊ ဘရိယာ – တည်း၊ ဂရုနံဒါရာတိ-ကား၊ စူဠုပိတု မဟာပိတု အာဒီနံ - ဖခင်း (ဖလေး) ဖကြီး အစရှိသူတို့၏၊ ဘရိယာ-တည်း၊ [အဖေ၏ညီကို“စူဠုပိတု”ဟု ဆိုရှိ အဖေ၏ အကိုကို“မဟာပိတု”ဟု ဆိုသည်။]

အဓောဝ မုရိသော ။ ။ မိဖတ္တိအပေါ်၌သော်မှ ရိုက်နှက် ပုတ်ခတ် ညှဉ်းဆဲ စော်ကားရဲသေးစ်၏၊ အခြား မည်သူ့အားမဆို တစုံတယောက်အပေါ်၌ကား အဘယ်မှာ ခွင့်လွှတ်လိမ့်မည်နည်း၊ အလွန် ရဲစွန်းသတ္တိရှိသော ယောကျ်ားပါတကား၊ ဤသို့ သူရဲကောင်း သတ္တိကောင်းအခွေ့ဖွဲ့ ထား၍ လေးလေးစားစား ချီးမွမ်း ပူဇော်ကြ လိမ့်မည်၊-ဦကာ။ [အသဇ္ဈိကတံဒ်“သဇ္ဈိ”နှင့်စပ်သောမှတ်ဖွယ်ကို ကစ္စည်းတားသာ ဋီကာ (၀-တွဲ) ၁၀၅-သုတ်ကြည့်ပါ။]

သမ္ဘေဒန္တိ-ကား၊ မိသိဿာဝံ-ဆဂဏ်အစုစုပ်ခြင့် ရောနှောခြင်းရှိသည်၏ အဖြစ်သို့၊ ဝါ-တနည်း၊ မရိယာဒဘေဒံ-အပိုင်းအခြား၏ ပျက်ခြင်းသို့၊ (ဂမိယာထိဋ္ဌိစပ်။)

တိဗ္ဗေဒါပေါဘတိဿာတိတိ- ကား၊ ဗလဝကောပေါ- အားရှိသော အမျက်ဒေါသသည်၊ (အားကြီးသော ဒေါသသည်၊) ပုနပ္ပုနံ - ထပ်ကာထပ်ကာ၊ ဥပ္ပတ္တိဝသေန- ဖြစ်ခြင်း၏အစုစုပ်ခြင့်၊ ပစ္စုပ္ပဋ္ဌိတော— ရှေးရှုတည်သည်၊ ဝါ-အဖန်ဖန် တည်သည်၊ ဘဝိဿတိ - ဖြစ်လိမ့်မည်၊ [သတ်ဖြတ်လိုသော ဒေါသကို "ဗလဝကောပေါ"ဟု ဆိုသည်၊ တကြိမ်မက ထပ်ကာထပ်ကာဖြစ်မှုကို "ပစ္စုပ္ပဋ္ဌိတော (ပတိ + ဥပ + ဋ္ဌိတော) - ထပ်ကာထပ်ကာ ကပ်ရှိတည်သည် " ဟု ဆိုသည်။] အပဏုနိ-အခြားကုန်သော၊ ဒဋ္ဌုန္နစ်ပုပ်တို့သည်၊ (တိဗ္ဗော ဗျာပါဒေါ, တိဗ္ဗော မနောပဒေါသောပုဒ်တို့သည်၊) တေသော ဝ - ဤ တိဗ္ဗော အာဃာတော ပုဒ်၏ပင်၊ ဝေဝစနာနိ—ဝေဝုစ်ပရိယာယ် စကားလုယ်တို့တည်း၊ ဟိ-မှန်၊ (ဗျာပါဒ မနောပဒေါသ သဒ္ဒါတို့သည် အာဃာတ၏ ဝေဝုစ်ပရိယာယ် စကားလုယ်ဖြစ်၏ ဟူသောစကားသည် မှန်၏။) ကောပေါ- ဒေါသကို၊ (ဝုတ္တိဋ္ဌိစပ်)၊ ဝါ-သည်၊ စိတ္တဲ-ကို၊ အာဃာတေတိ— လွန့်စာ နိပ်စက်တတ်၏၊ ဣတိ— ကြောင့်၊ အာဃာတော - အာဃာတ ဟူ၍လည်းကောင်း၊ အတ္တနောစ - မိမိ၏လည်းကောင်း၊ ပရဿစ — သူတပါး၏လည်းကောင်း၊ ဟိတသုခံ - စီးပွားချမ်းသာကို၊ ပျာပါဒေတိ (ဝိ+ အာပါဒေတိ) - ဖေါက်ပြန်ခြင်းသို့ ရောက်စေ

သမ္ဘေဒံ။ ။သမ္ဘေဒေါ သိန္ဓုသဒိမော (မြစ်ဆုံ)၊ [အဘိဓာန်—၆၀၁။] သဒ္ဒသ္ဒဒသဒ္ဒါသည် "ပေါင်းဆုံခြင်း"အနက်ကို ဟော၏၊ ထိုကိုရည်ရွယ်၍ "မိသိဿာဝံ"ဟု ဇွတ်သည်၊ ထို့ ပေါင်းဆုံ (ရောနှော) ခြင်းဟူသည်လည်း ဇာနိုးကဲ့သို့ သဘောထား၍ အမိဓလူတို့အပေါ်၌ ရာဂ၏အစုစုပ်ခြင်း ရောယှက်ခြင်းတည်း၊ [မိသိဿာဝန္တိ မာတာဒီသု ဘရိယာယ ဒိယ စာရိတ္တသင်္ခံ၌၊ (ရာဂဖြင့် မှားမှားယွင်းယွင်း ကျင့်ခြင်း ဟူသော ရောယှက်ခြင်း) - ဋီကာ။]

တနည်း။ ။သံသ္ဒေဒသဒ္ဒါသည် "ပျက်စီးခြင်း"အနက်ကို ဟော၏၊ [သံသ္ဒေးဒိသော ဘိဒဓောတ် ဏ ပစ္စည်း။] ထိုအနက်ကို ရည်ရွယ်၍ "မရိယာဒ ဘေဒါ" ဟု တနည်း ဇွတ်သည်၊ "ပျက်စီး" ဟူရာ၌ လောကဝယ် သားနှင့် အမိ, သမီးနှင့် အဖ, ဆရာနှင့် တပည့်စသည်ဖြင့် ရာဂဖြင့် မပြစ်မှားသင့် မပြစ်မှားထိုက်သော မရိယာဒ (အပိုင်းအခြား=စည်းကမ်း) ရှိ၏၊ ထို စည်းကမ်းအပိုင်းအခြား "ပျက်သည်"ဟု ဆိုလိုသည်။

အာဃာတေတိ စသည်။ ။အာဃာတေတိတိ အာဃာနတိ၊ အတ္တနော ကတ္တု ဖရုသဘာဝေန (မိမိဟူသော ဓေါသ၏ ဓက်ဇန်ကြမ်းတမ်းသည်၏ အဖြစ်ကြောင့်) စိတ္တံ ပိမာဇတိတိ အတ္ထော၊ နိသ္သယ ဒဟနရသော ဟိ ဒေါသော၊ (မှန်၏-ဒေါသသည် ဒိရာစိတ်ကို လောင်မြိုက်ခြင်းကိစ္စ ရှိ၏၊) ဗျာပါဒေတိတိ ပိနာသေတိ၊ မနောပဒူသန ဋ္ဌေ မနသ္သ ပကောပနတော။- ဋီကာ။

တတ်၏၊ ဝါ - ဖျက်ဆီးတတ်၏။ ဣတိ – ကြောင့်၊ ဗျာပါဒေါ– ဗျာပါဒဟူ၍ လည်းကောင်း၊ မနောပဒုသနတော – စိတ်ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်၊ မနောပဒေါသောတိ - မနောပဒေါသ ဟူ၍လည်းကောင်း၊ ဝုစ္စတိ– ဆိုအပ်၏။

တိမ္ဗံ ဝဓကစိတ္တန္တိ-ကား၊ ပိယမာနဿာပိ-ချစ်အပ်သူ၏လည်း၊ ပရံ-သူတပါးကို၊ (မိမိကို ချစ်တတ်သူကိုဟု) မာရဏထ္ထာယ – သေစေခြင်းအကျိုးငှါ၊ ဝါ– သတ်ခြင်းငှါ၊ ဝဓကစိတ္တံ - သတ်ကြောင်း စိတ်တည်း၊ ဝါ - သတ်လိုသောစိတ်

ပိယမာနဿ စသည်။ ။လေဘက္ခို ချစ်အပ်သူနှင့် ချစ်တတ်သူ နှစ်ဖျိုးရှိရာဝယ် ချစ်တတ်သူက ချစ်အပ်သူအပေါ်၌ သိနေဟ (ချစ်ခြင်းတရားဟု သို့မဟုတ် ချစ်ခြင်းမေတ္တာ) ဖြစ်ရိုးရှိ၏၊ ချစ်အပ်သူကား ချစ်တတ်သူအပေါ်၌ သိနေဟလည်း ဖြစ်နိုင်၏၊ အာဃာတ (ဒေါသ) လည်း ဖြစ်နိုင်၏၊ အာဃာတဖြစ်ချိန်မှစ၍ သတ်ချင်း ဖြတ်ချင်းသော ဝဓကစိတ်လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် "ပိယမာနဿ" အရ ချစ်အပ်သူ (အချစ်ခံရသူ) ကို ယူ၍ "ပရံ" အရ တပါးသော ချစ်တတ်သူကို ယူပါ။။ [အချစ်ခံရသူက မိမိအား ချစ်နေသူအပေါ်၌ ဝဓကစိတ် ဖြစ်တတ်ပုံကို မဟာပဒုမဇာတ်တော်, ကုဏ္ဍလ ကေသီ ဝတ္ထု စသည်တို့ကို ကြည့်ပါ။]

ဇိမ္ဗံ ဝဓကစိတ္တံ။ ။ တိမ္ဗ (ထက်မြက်ဆိုးဝါးသော) ဝဓကစိတ် ဟူသည် လေဘက္ခ် ရန်သူ့အပေါ်ဝယ် ဝဓကစိတ် ဖြစ်လျှင် ဖြစ်ရိုးဖြစ်စဉ် ဖြစ်သောကြောင့် ထက်မြက် ဆိုးဝါးသည် ဟု ထူးထူးခြားခြား ပြောနေစရာ မလိုချေ။ ဆယ်နှစ်တမ်းဆုတ် ဘဝကာလဖြစ်၍ ကုသိုလ်မှန်း အကုသိုလ်မှန်းပင် မသိလောက်အောင် မတရားအမှုတို့ ထွန်းကားနေသော ယခုအခါ၌ကား အဓိန္ဒ္ရိယား ၊ သားနှင့်အဖတို့သည် တယောက်နှင့်တယောက်အပေါ်ဝယ် မခြောက်ခြားနိုင် မချမ်းနိုင် ရန်ဖြဉ်းဖြဉ်း ဝဓကစိတ်ဖြစ်နေသောကြောင့် တိုစိတ်ကို တိမ္ဗ (ထက်မြက်ဆိုးဝါးသော) ဟု ထူးထူးခြားခြား ပြသသန မ ၍ ဆိုရသည်။ [တိမ္ဗော အာဃာတော , တိမ္ဗော ဗျာပါဒေါ, တိမ္ဗော မနောပဒေါသောတို့၌ တိမ္ဗဖြစ်ပုံကိုလည်း ဤနည်းအတိုင်း သိပါ။။]

ဆဒ္ဒိုးဆုံ–ထို အာဃာတ (ဝဓကစိတ်) ၏ တည်ရာဝတ္ထုကို ပြတော်မူပို့သော ကြောင့် "မာတုပိ ပုတ္တမ္ပိ" အစရှိသောစကားရပ်ကို ပါဠိတော်၌ ဓိန်တော်မူသည်၊ ထို့ပြီး မာတုပိ ပုတ္တမ္ပိဝယ် မာတုဏ် အာဃာတသည် သား အပေါ်၌လည်းကောင်း, ပုတ္တဃိပိ မာတရိ - သား၏ အာဃာတသည် အမိအပေါ်၌ လည်းကောင်း တည်၏၊ ထိုတွင် အာဃာဒဖြစ်ခိုက် ပုဂ္ဂိုလ်သည် သိဒ္ဓန္တတဝတ္ထုတည်း။ [ပိတုပိ ပုတ္တမ္ပိ အစရှိသည်တို့၌ လည်း နည်းဒ္ဒီသိပါ။]

ဒ္ဒိက၁။ ။တမ္ဗန္တိ့ တိက္ခံ၊ သာ ပနဿ တိက္ခတာ (ထိုအာဃာတ၏ ထက်မြက်ဆိုးဝါးသည်၏အဖြစ်ကို) သရိရေ အဝဟန္တေဟိ (ကိုယ်သည် မဆောင်နိုင်ပါသော်လည်း) သိနေဟဝတ္ထုံ လဿိတ္ဝာဝိ (အာဃာတဝတ္ထုမှ သိနေဟဝတ္ထုသို့ လောဘစဋ္ဌိလာကို ခုန်ကျော်၍သော်မှလည်း) ပတ္တတ္တိယာ ဇဝဒိတမ္ဗောတိ အာဟ– ပိယမာနဿာတိ အာဒိ။

တည်း၊ တဿ-ထို အာဿာဝတ၏၊ ဝတ္ထုံ-တည်ရာဝတ္ထုကို၊ ဒဿေတုံ-ဌ၊ မာတုပိ ပုတ္တမ္ပိတိ အာဒိ-အစရှိသော ဝကဘေဒကို၊ (ဘဂဝတာ) ဝုတ္တံ၊ မာဂဝိကဿာတိ-ကား၊ မီဂလုဒ္ဓကဿ-သားမုဆိုး၏၊ (တိမ္ဗော အာဿာတော ဠ်စပ်)။

၁၀၄။ သတ္တန္တရုက္ကပ္ပေါတိ-ကား၊ သတ္တေန-လက်နက်အားဖြင့်၊ ဝါ-လက်နက်ကြောင့်၊ အန္တရုက္ကပ္ပေါ -- အကြား ပျက်ခြင်းတည်း၊ (သံဝဋ္ဋကပ်သို့ မရောက်မီ အကြား၌ ကမ္ဘာ၏ ပျက်ခြင်းတည်း)၊ သံဝဋ္ဋကပ်ဖို့ - သံဝဋ္ဋကပ်သို့၊ (ပျက်ချိန်တိုင်သော အခါ ကမ္ဘာ၏ ပျက်ခြင်းသို့)၊ အာပတ္တာ- မရောက်သေးပဲ၊ အန္တရာဝ-အကြား၌ပင်၊ လောကဝိနာသော-သဘာဝလောက၏ ပျက်ခြင်းတည်း။

ရှင်းလင်းချက်။ ။[သရိရေ အဝဟန္တေဝိ] "မာတုဗိ ပုတ္တမ္ပိ - အမိ၏အာဿာတသည် သားဠ္ဟတည်၏" ဟူရာ၌ အမိသည် သားအပေါ်၌ ရန်ဖြစ်ဖွဲ့၏ ဟဲ့ ဆိုလိုရင်း၊ အမှန်ကား အမိ၏ အာဿာဝတသည် သားအပေါ်၌ မတည်ပါ၊ အမိ အပေါ်၌သာ တည်ပါသည်၊ သို့သော် ဓလောက ဓမ္မဗေါဓိစဉ်လာ အားဖြင့် မာတုဗိ ပုတ္တမ္ပိ-ဟု ပုတ္တကို အာဿာဝတ၏တည်ရာ အာဓေရအဖြစ်ဖြင့် ဟောတော်မူပါသည်၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ "သရိရေ အဝဟန္တေဝိ-ပုတ္တဟူသော ခန္ဓာကိုယ်က အာဿာဝတကို ဆောင်မထားပါသော်လည်း" ဟု ဋီကာဆိုသည်၊ သိနေဟဝတ္ထုဖြစ်သော သားခန္ဓာသည် အမိ၏ အာဿာဝတကို ဆောင်မထားပါသော်လည်း - ဟု ဆိုလိုသည်။ [ပုတ္တဿ ဝိ မာတရိ စသည်၌လည်း နည်းခြိသိပါ။]

သိနေဟဝတ္ထုံ လဿိဿာဝိ။ ။အစ၌ ပြခဲ့သည့်အတိုင်း လောကဝယ် ရန်သူဖြစ်သော အာဿာတဝတ္ထုအပေါ်၌သာ အာဿာတစိတ် ဖြစ်ရိုးရှိ၏။ [အာဿာဝတ ဝတ္ထု ၉ ပါးကို သတိပြုပါ။] သိနေဟဝတ္ထု အပေါ်၌ကား ဖြစ်ရိုး မရှိ၊ ဆယ်နှစ် သက်တမ်းကာလလို့ဖြစ်သော ဤ အာဿာဝတကား အာဿာဝတဝတ္ထုဖြစ် သိနေဟ ဝတ္ထုဖြစ်ခဲ့သာသားစသည်တို့ လောကအစဉ်အလာ့ကို ခုန်ကျော်၍ဖြစ်သောကြောင့် "သိနေဟဝတ္ထုံ လဿိဿာဝိ" ဟု ဆိုသည်။

ကဗွေါ။ ။ တဏှာဒိဘေဒေါ ကဗွေါ+ ဧကဿ+အတ္ထိတိ ကဗွေါ၊ (ဿတ္ထ လောကော) ၊တဏှာစသော အပြားရှိခဲ့သော အကြောင်းအစဉ်ရှိသော သတ္တဝါအပေါင်း၊ တချို့ သတ္တဝါများသည် ကာမဝိတက်စသော တဏှာနှင့်စပ်သော အကြံရှိ၏၊ တချို့ လည်း ဗျာပါဒဝိတက် ဝိဟိံသ ဝိတက်ခေါ်သော ဒေါသနှင့် စပ်သော အကြံရှိကြ၏၊ ထို သူတို့၏ သန္တာန်၌ မေဟလည်း ဖြစ်နေ၏၊ တချို့ကား ရုပ် နာမ် ခန္ဓာကို ရုပ် နာမ် ခန္ဓာမှန်း မသိပဲ, ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟု ထင်တတ် သော မောဟနှင့် ဆက်နေသော အကြံသည်းဖြစ်နေ၏၊ ဤသို့ တဏှာ ဒေါသ မောဟ အကြံအစည်ရှိနေသော သတ္တဝါအပေါင်းကို "ကဗွေ" ဟု ခေါ်သည်။

လောကဝိနာသော။ ။လောဘအရ သတ္တလောကကို ယူပါ၊ ဤပုဒ်ကိုကြည့်၍ "ကဗွေသ+ဝိနာသော ကဗွေါ-သတ္တဝါအပေါင်း၏ ပျက်စီးခြင်း"ဟု ဥဇ္ဇုရုပအလောပ တပ္ပရိသ်ိ သမဿိ ပြုပါ၊ ထို့ ဝေ့နာက် အဋ္ဌကထာ အတိုင်း "အန္တရာ+ကဗွေါ အန္တရ

[ထို အန္တရာယ်သည် အဘယ်မျှ ပြားသနည်း, အဘယ်နည်းဖြင့် ထို သတ္တ လောကဏ္ဍ၏ ပျက်စီးမှုဖြစ်သနည်း, ထိုသို့ ပျက်စီးသော သတ္တလောကသည် အဘယ်ဂတိရှိသနည်း ဟု စေဒနာဖွယ်ရှိ၍ ''အန္တရာယပ္ပေါ ဓ နာမေသ'' စသည်မိန့်။] စ-ဆက်၊ သေ(ဧသော)အန္တရာယပ္ပေါ၊ နာမ-ဤအန္တရာယ်မည်သည်၊(ဤသံဝစ္ဆရသို့ မရောက်မီ အကြား၌ သတ္တလောက၏ ပျက်စီးခြင်းမည်သည်) ဒုဇ္ဇီကန္တန္တရာယပ္ပေါ-ဒုဇ္ဇီကန္တန္တရာယလည်းကောင်း၊ (ငတ်မွတ် ခေါင်းပါး အစာရှားခြင်းကြောင့် အကြား၌ သတ္တဝါအပေါင်း၏ ပျက်စီးခြင်းလည်းကောင်း၊) ရောဂန္တရာယပ္ပေါ-လည်းကောင်း၊ (အနာရောဂါကြောင့် အကြား၌ သတ္တဝါအပေါင်း၏ ပျက်စီးခြင်းလည်းကောင်း၊) သတ္တန္တရာယပ္ပေါ-လည်းကောင်း၊ (လက်နက်ကြောင့် အကြား၌ သတ္တဝါအပေါင်း၏ပျက်စီးခြင်းလည်းကောင်း၊) ဣတိ-ဤသို့၊ တိဝ်ဓော - သုံးပါး အပြားရှိ၏၊ [ဤစကားဖြင့် အန္တရာယ်၏ အပြားကို ပြသည်။]

တတ္ထ - ထို သုံးပါးတို့တွင်၊(ထို သုံးပါး အပြားရှိသော အန္တရာယ်တို့တွင်)၊ ပဇာယ-သတ္တဝါအပေါင်းသည်၊ လောဘုဿဒါ ယ-မျှားသော လောဘ ရှိလသော်၊ ဝါ-ရှိရာအခါ၌၊ ဒုဇ္ဇီကန္တန္တရပ္ပေါ-သည်၊ ဟောတိ-ဖြစ်၏၊ မောဟုဿဒါယ- သော်၊ ဝါ-၌၊ ရောဂန္တရပ္ပေါ(ဟောတိ)၊ [ကျန်းမာရေး ဗဟုဆုံတမရှိ၍ သင့်လျော်သော အစားအသောက် ဆေးဝါး ဓာတ်စာကို မသိသော အခါ ဖြစ်ပေါ်လာသော အနာရောဂါကို ပျောက်အောင် မကုသနိုင်ရကား အနာရောဂါကြောင့် သတ္တဝါများ သေကြေ ပျက်စီးကြရသည်၊ ထို့ကြောင့် ''အသက်ကို ဥာဏ်ဓောင့်''ဟု ပြောစမှတ် ပြုကြ၏။] ဧဒါသုဿဒါယ-သော်၊ ဝါ-၌၊ သတ္တန္တရာယပ္ပေါ(ဟောတိ)၊ [စစ်အတွင်း၌ ဧဒါသကြောင့် ဆန်းပြားသော လက်နက်များဖြင့် သတ္တဝါများ သေကြရပုံကို သတိပြုပ။] (ဤစကား ဖြင့် အန္တရာယ်၏ ပျက်စီးခြင်း၏ အကြောင်းကို ပြသည်။)

တတ္ထ - ထို သို့မျိုးသော ပျက်စီးခြင်းတို့တွင်၊ (ထို ကပ်သုံးမျိုးကြောင့် ပျက်စီးကြရသော သတ္တဝါတို့တွင်၊)ဒုဇ္ဇီကန္တန္တရာပ္ပေန-ဒုဇ္ဇီကန္တန္တရာယ်ကြောင့်၊

ကပ္ပေါ၊ သတ္ထေန+အန္တရာယေါ သတ္ထန္တရာယပ္ပေါ'' ဟု ပြု၊ သံဝဋ္ဋကပ်ဟု ခေါ်သော ကမ္မဘဝျက်မြို့သို့ မရောက်မီ အကြား၌ပင် လက်နက်ကြောင့် သတ္တဝါအပေါင်း၏ ပျက်စီးမှု။ [ကမ္မဘဝျက်ခါနိ့ဘ် သတ္တဝါ အမှားအပြားသေကြေသေး၏။]

လော'ဘုဿဒါယ ပဇာယ။ ။ပဇာယ-သည်၊ လောဘုဿဒါယ - မျှားသော ဧလာဘရှိလသော်၊ ဝါ- ရှိခဲ့အခါ၌၊ ဤသို့ လက္ခဏ လက္ခဏဝန္ဓ အနက်ဖေးပါ။ [လောဘုဿဒါယာတိ လောဘာဓိကာယ (များသော လောဘရှိသော) ပဇာယ ဝတ္ထုမာနာယ၊- ဋီကာ။] ဝတ္ထုမာနာယဖြင့် လက္ခဏအနက်ကို ပြသည်၊ ဧခ္ဂုးနိုဿယ ဧ၌ကား ''ဧလောဘုဿဒါယ-ဧသော၊ ပဇာယ-၌၊ ဝါ-၏'' ဟု ဖေးထ၏။

နဋ္ဌာ-ပျက်စီးကြေရသော သတ္တဝါတို့သည်၊ ယောဘုယျေန-များသောအားဖြင့်၊ ပေတ္တိဝိသယေ-ပိတ္တာအပေါင်း၏ နေရာအရပ်၌၊ (ပိတ္တာ တုံ့၌)၊ ဥပပဇ္ဇန္တိ - ဖြစ်ကြရကုန်၏၊ ကဿ၁-နည်း၊ (နဋ္ဌာန်-ပျက်စီးရသော သတ္တဝါတို့၏၊) အာဟာရ နိကန္တိယာ – အာဟာရ၌ နှစ်သက်တွယ်တာမှု၏၊ ဗလဝတာ - အားရှိသည်၏၊ အဖြစ်ကြောင့်တည်း၊ (အားကြီးသည်၏ အဖြစ်ကြောင့်တည်း၊)

ဆောဂန္တရကပွေန - ကြောင့်၊ နဋ္ဌာ ယောဘုယျေန ၁ သင္ဂေ - နက်ပြည်၌၊ နိဗ္ဗတ္တန္တိ - ဖြစ်ကြရကုန်၏၊ ကဿ၁ - နည်း၊ ဟိ (ယသ္မာ) - ကြောင့်၊ တေသံ - ထို ဆောဂန္တရကပ်ကြောင့် သေကြရသောသတ္တဝါတို့၏၊ (မေတ္တာစိတ္တ၌စပ်)အညောသံ-ငါတို့မှတပါး အခြားကုန်သော၊ သတ္တာနံ - တို့၏၊ ဇေရွပေါ် - ဤသို့သဘော ရှိသော၊ ဆောဂေါ – သည်၊ နဘဝေယျ - မဖြစ်ပါမူ၊ အဟောဝတ - အော် ကောင်းလေစ့၊ ဣတိ - သို့၊ မေတ္တစိတ္တံ-သည်၊ ဥပဇ္ဈတိ - ၏၊ ဣတိ - ကြောင့်၊ (သင္ဂေ နိဗ္ဗတ္တန္တိ၊) သတ္တန္တရကပွေန - ကြောင့်၊ နဋ္ဌာ ယောဘုယျေန နှိရုယေ ဥပ ပဇ္ဇန္တိ၊ ကဿ၁-နည်း၊ အညမညံ - အချင်းချင်း၊ ဗလဝါသဘတာယ-အား ကြီးသော အာဃာတ ရှိကုန်သည်၏ အဖြစ်ကြောင့်တည်း။

မိဂသညန္တိ–ကား၊ အယံ-ဤ အကောဝိသည်၊ မိဂေါ-သားကောဝံတည်း၊ အယံ–သည်၊ မိဂေါ-တည်း၊ ဣတိ သညံ - ဤသို့သော အမှတ်ကို၊ (ပဋိလဒ္ဓိ ဿန္တိ–ရကြလိမ့်မည်၌ စပ်၊) [ဒေါဓစိတ်ကြောင့် တယောဂ်နှင့် တယောဂ်လူဟု မထင်တော့ပဲ သတ်စရာ ဖြတ်စရာ တိရစ္ဆာန်ဟု တစ်ကြွလိမ့်မည်-ဟူလို့၊] တိဏာနိ ၊ ဝေ ၊ ပါဘုဘိဿန္တိ ဘိ – ကား၊ တေသံ-ထို လူတို့၏၊ (ဆယ်နှစ် အသက်တန်းကာလ၌ ဖြစ်သော ထိုလူတို့၏၊) ဟတ္ထေနဲ-ဖြင့်၊ ဖုဋ္ဌမတ္တံ–ထိအပ် ကာမှဖြစ်သော၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသောအထာဝတ္ထုသည်၊ အန္တမသော-အောက်၌ဖြစ်သော အပိုင်းအခြားအားဖြင့် (အောက်ထစ်ဆုံးအားဖြင့်)၊ တိဏပဏ္ဏံ–မြက်သစ်ရွက်ကို၊ ဥပါဒါယ–အစပြု၍၊ အာဝုဇ္ဇမေဝ – လက်နက် သည်သာ၊ ဘဝိဿတိ ကိရ- ဖြစ်လိမ့်မည်တဲ့၊ မဲ့ဝ မယံ ကမ္မိတိ–ကား၊ မယံ-တို့သည်၊ ကမ္မိ–တစုံတယောက်သော၊ ဧကပုရိသမ္မိ–ကိုလည်း၊ ဇီဝိတာ–မှ၊ မာ ဝေါရောပယိမှ-မခွင်းလိုကုန်၊ မာဒ အမေ ကောစိတိ– ကား၊ အမှေပိ–တို့ကို လည်း၊ကောစိ–သော၊ ကေပုရိသော–သည်၊ ဇီဝိတာ-မှ၊ မာ ဝေါရောပယိတ္ထ-မခွင်းပါစေနှင့်၊ [ပါဠိတော်ဝယ် ''ဇီဝိတာ ဝေါရောပယိမှ ဝေါရောပယိတ္ထ'' ဟူသော ပါဌသေသကိုထည့်၍စပ်ပါ၊ ကောစိကိုထောက်၍ ဝေါရောပယိတ္ထဉ်၌ အစ္ဆတ္ထနီ(အာ)ကိုတ္ထုပ္ပု။] ယန္တု နု မယန္တိ - ကား၊ အယံ လောကဝိနာသော-ဤ သတ္တလောက၏ ပျက်စီး,ခြင်းသည်၊၊ ပစ္စုပ္ပဒ္ဓိတော - ရွေးရွတည်ပြီ၊ ဒိဋ္ဌိ-နှစ်ယောက်တို့သည်၊ ကေဋ္ဌာနေ - တခုတည်းသော အရပ်၌၊ ဋ္ဌိတေဟိ – တည်

ကုန်သည် (သမာနေဟိ - ဖြစ်ကုန်လေသော်)၊ ဗီတိဟံ – အသက်ကို၊ လဒ္ဓါ – ရခြင်းငှ၊ နသက္ကာ-မစ့ဓုံးနိုင်၊ (မဖြစ်နိုင်ပဲ)၊ ဣတိ–ဤသို့၊ မညမာနာ- သိကုန်လျက်၊ ဧဝံ-သို့၊ (ယံနူနမယံ ဝနဂဟနံ ဝါ စဿော အကြဲကို)၊ စိန္တယိ်သုးကြံစည်ကုန်ပြီ။

ဝနဂဟနန္တိ - ကား၊ ဝနံသဒ်ါတေဟိ - တောဟု ဆိုအပ်ကုန်သော၊ တိဏဂုမ္မလတာဒီဟိ – မြက် ချုံနွယ် အစရှိသည်တို့ဖြင့်၊ ဂဟနံ - ရွှေထွေးသော၊ ဒုပ္ပဝေသဋ္ဌာနံ – ခဲယဉ်းသဖြင့် ဝင်အပ်သော အရပ်သို့သော် လည်းကောင်း၊ (ဝင်ဖွယ်ကသော အရပ်သို့သော်လည်းကောင်း)၊ ရုက္ခဂဟနန္တိ-ကား၊ ရုက္ခေဟိ-သစ်ပင်တို့ဖြင့်၊ ဂဟနံ - သေ၊ ဒုပ္ပဝေသဋ္ဌာနံ - သို့သော်လည်းကောင်း၊ နဒီ ဝိဒုဂ္ဂန္တိ-ကား၊ နဒီနံ-မြစ်တို့၏၊ အန္တရဒီပေါ်ဒီသု-အလယ်ဖြစ်သော ကျွန်း အစရှိသည်တို့၌၊ ဒုဂ္ဂမနဋ္ဌာနံ - ခဲယဉ်းသဖြင့် သွားအပ်သော အရပ်သို့သော် လည်းကောင်း၊ ပမ္မတဝိသမန္တိ-ကား၊ ပမ္မတေဟိ-ဓောင်တို့ဖြင့်၊ ဝိသမံ-မညီမညွတ်

ဝံ ဝိန္တိ ယိ်သု ။ ။ ရေးက တဆင့် ကြားအပ်ဖူးသော အကြောင်းအရာကို အမှတ်ရခြင်းကြောင့်လည်းကောင်း၊ (ရပ်ထဲရွာထဲမှာ လူဒဿများနှင့်မနေလိုပဲ တောထဲသွားနေမည်သူများဟူသော) မိခိ၏ အသက်ရှည်ဖို့ အကြောင်းထူးကို ရခြင်းကြောင့်လည်းကောင်း စောဝဲသွားနေဖို့ရန် စဉ်းစားမိကြသည်။

ဝနဂဟနံ။ ။ဝနေဟိ+ဂဟနံ ဝနဂဟနံ၊ တောဖြစ်နေသော ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးနင့်ထားသည့်အတွက် ရွှဲထွေးနေသောအရပ်၊ ထိုအရပ်သို့ဝင်ရှိရန် ခဲယဉ်းသောကြောင့် “ ဒုပ္ပဝေသနဋ္ဌာနံ ” ဟု ဆိုသည်။ [ဂုမ္မလတာဒီဟိ ဂဟနံ ဋ္ဌာနန္တိ ဂုမ္မလတာဒီဟိ သဉ္ဇ ဋ္ဌာတာယ ဂဟနဘူတံ ဋ္ဌာန-ဋီကာ။]

ဓုတင်္ဂကံ။ ။အဋ္ဌကထာစရိယများ၌ “ဝနသဒ်ါတေဟိ တိဏဂုမ္မလတာဒီဟိ” ဟု “တိဏ” သဒ္ဒါပါနေ၏၊ ဋီကာ၌ မဟိသောကြောင့်လည်းကောင်း၊ ဝါဠိတော်ဝယ် ဝနဂဟနံပုဒ်၏ ရွှေ၌ တိဏဂဟနံ ဟု သီးခြား ပါဠိပြဖြစ်သောကြောင့်လည်းကောင်း၊ ဝနဂဟနကို ပြုရာဝယ် “တိဏ” သဒ္ဒါမပါခြင်းသာ ကောင်း၏။

ရုက္ခဂဟနံ။ ။ရုက္ခေဟိ နိရန္တရံ နိဗိတေဟိ ဂဟနဘူတံ – အကြားမရှိအောင် တပင်နှင့်တပင် ပေါင်းယှက်နေကုန်သော သစ်ပင်တို့ဖြင့် ရွှဲထွေးသောအရပ်။

နဒီ ဝိဒုဂ္ဂံ။ ။ဝိ (ဝိသေသေန–အထူးသဖြင့်) + ဒု (ဒုက္ခေန - ခဲခဲယဉ်းယဉ်း) ဂန္တုန္တိ ဝိဒုဂ္ဂံ၊ နဒီနံ+ဝိဒုဂ္ဂံ နဒီဝိဒုဂ္ဂံ၊ မြစ်တို့၏ အထူး ခဲခဲယဉ်းယဉ်း သွားအပ်သော အရပ်၊ ထိုအရပ်သည် မြစ်၏အလယ်၌ရှိသော ကျွန်း စသည်များလည်း ဖြစ်နိုင်၏၊ တန်းဝါးမြိတ်နေသော မြစ်တို့ဖြင့် ဟိုဖက် ဒီဖက် အသွားခရေတ်သော အရပ်လည်း ဖြစ်နိုင်၏၊ ဤအရပ်ကား မြစ်မှ ဖြာ၍ထွက်လာသော ချောင်းနှစ်ချောင်း စသည်တို့၏ အကြားအရပ်တည်း။ [ဤနောက်နည်းအလို “နဒီတိ+ ဝိဒုဂ္ဂံ နဒီဝိဒုဂ္ဂံ” ဟု ပြု။]

ပဒ္ဓတဝိသမံ။ ။ပမ္မတိ + ဝိသမံ ပမ္မတဝိသမံ၊ များစွာဧသော တောင်ငယ်တို့ဖြင့် မညီမညွတ်ဖြစ်ခဲနေသော ပုန်းရှိနေခြင်းငှါ ဧလျာက်ပတ်သော တောင်ကြား

သော အရပ်သို့သော် လည်းကောင်း၊ (တောင်ကြားအရပ်သို့သော် လည်း ကောင်း)၊ ၀၀-တနည်း၊ ပမ္မတေသုပိ – တောင်တို့၌လည်း၊ ဝိသမဋ္ဌာနံ – မညီ မညွတ်သော အရပ်သို့သော်လည်းကောင်း၊ (ပဓိသိတ္ထာ - ဝင်၍ ဟု ပါဠိတော် ၌စပ်၊)[တိဏာဂဟနံ ၀၀ါ ဝနဂဟနံ ၀၀ါ စသည်ဖြင့် ပါဠိတော်၌ ရှိသောကြောင့် "သော်လည်းကောင်း"ဟု ဝိကပ်အနက် ပေးပါသည်။]

သဘာဂါယိဿန္တိ – ကား၊ အဟံ - သည်၊ ဇီဝါမိ ယထာ – အသက်ရှင် သကဲ့သို့၊ တထာ–တူ၊ တွမ်မိ-သင်သည်လည်း၊ ဇီဝသိ-၏၊ ဘော - အချင်းတို့၊ (အမေ့ဟိ-တို့သည်၊)သတ္တာ-သေကြေပျက်စီးသောသတ္တ၀ါတို့ကို၊ဒီဋ္ဌာ-မြင်အာပ် ကုန်ပြီ၊ ဣတိ ဧေ–သို့၊ သမ္မောဒနကထာယ-၀မ်းမြောက်ကြောင်း စကားဖြင့်၊ အတ္တာနာ - မိမိနှင့်၊ သဘာဂေ – အသက်ရှင်ခြင်းအားဖြင့် တူသောအဖို့ရှိသူ တို့ကို၊(သဘောတူသူတို့ကို၊) ကရိဿန္တိ-ပြုကြလိမ့်မည်။

အာယုဝဏ္ဏာဒိဝဍ္ဎနကထာ အဖွင့်

၁၀၅။ အာယတန္တိ-ကား၊မဟန္တံ-ကြီးစွာသော၊(ဤတိကွယ် ဟု ပါဠိတော် ၌စပ်၊) ပါဏာတိပါတာ ဝိရမေယျာမဟံပိ - ကား၊ ပါဏာတိပါတတော - မှ၊

အရပ်တည်း၊ ပမ္မတေသု ၀၀+ ဝိသမံ ပမ္မတပိသမံ၊ ပြတ်သောကမ်းပါး (ခါးပန်း) ရှိကုန်သော တောင်ကြီးတို့၌ ခရီးတာ၇ွေ့ည ခိုနှံချို ငြင်္ဂိ ဇတောင်လျှင် တောင်ဝှမ်း အထွဋ်တို့ဖြင့် မညီမညွတ်သော အရပ်တည်း။

အထ္ထး။ ။ပဌမနည်း၌ များစွာသော ဇတောင်ထပ်တို့ဖြင့် ဇတောင်နှစ်ခု ပေါင်းမိသောအခါ အကြားဖြစ်ရန်သော အရပ်တည်း၊ ဒုတိယနည်း၌ တောင်ကြီးတထပ်းထည်း ၌ပင် ဇတောင်ခါးပန်းများပြတ်၌ ချိုင့်ဖြစ်ရန်သော တောင်ကြို တောင်ကြား ဇတောင်ဝှမ်း အရပ်တည်း၊ (တောင်ချောက်ကြား, တောင်ချုပ်ကြားဟု ခေါ်သည်။)

သဘာဂါယိဿန္တိ ။ ။သဘာဂေဟူသော ဒုတိယန္တနာဝပုဒ်ဖြစ်နောင် ကရုဓာတ် အနက်၌ အာယတ္တဖွည်းသက်၊ ဘဝိဿန္တိဝိဘတ်သက်၊ ကျွန်ုပ် အသက်ရှင်နေသလို ခင်ဗျားလဲ အသက်ရှင်သေးတယ်နော်, အများကြီး သေကုန်ကြပြီ၊ ကျုပ်တို့ အသက် ရှင်နေသေးလို့, သေတဲ့သူတွေကို မြင်ကြရတယ်-ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြ လျက် အသက်ရှင်မှုအားဖြင့် အခြားသူများကိုလည်း မိမိနှင့်သဘောတူအောင် ပြုကြ လိမ့်မည်။

အာယတံ ။ ။ မဟန္တံ ဟု ဖွင့်သော အဋ္ဌကထာအလို အာယတဿဒ္ဓါသည် မဟန္တန္တိ၏ ပရိယာယ်တည်း၊ "အာယတံ– ကြီးစွာသော (ကြီးကျယ်သော)"ဟု ပေး၊ သို့သော် အဘိဓာန် (၇၀၇) ၌ "အတာယတံ ဒီဃဒေ"ဟု ဒီဃသဒ္ဒါ၏ပရိယာယ် အဖြစ်ဖြင့် ရှိသောကြောင့် "အာယတန္တိ ၀၀ါ ဒီဃံ စိရံကာလိကံ" ဟု ဋီကာတန်းဝင် ဖွင့်သည်၊ "အာယတံ-ရှည်ကြာသော"ဟု ပေးပါ။

ဋီကာ။ ။အာယတန္တိ ၀၀ါ ဒီဃံ စိရံကာလိကံ၊ မရဏာဝသေန ဟိ ဤတိက္ခဏော အာယတ္တော (သေခြင်း၏အစွန်းဖြင့် ဆွေမျိုးတို့၏ ကုန်ခန်းခြင်းသည် ရှည်ကြာ၏)၊

(သူ့ အဘ)ကံကို သတိခြင်းမှ)၊ (ယန္နုန္န) ဩသက္ကေယျာမ—အကယ်၍ ဆုတ်နစ်ရပါကုန်မူ ကောင်းပေစ့။ ဝါ-အကယ်၍ ရှောင်ကြဉ်ရပါကုန်မူ ကောင်းပေစ့။ ပါဏာတိပါတံ ဝိရမေယျာမာတိပိ-ဟူ၍လည်း၊ သင္ဃယန္တိ-သရဏ္ဍယ်ကြကုန်၏၊ (ရွှတ်ကြကုန်၏) [ပါဏာတိပါတာ ဟု ပဉ္စမီဝိဘတ်ဖြင့်မှတ်ဖတ်ပဲ''ပါဏာတိပါတံ''ဟု ဒုတိယာဝိဘတ်ဖြင့် ရွတ်ဖတ်ကြသည်- ဟူလို။] တတ္ထ-ထို ပါဏာတိပါတံ ဝိရမေယျာမဟူသော၁ပါဠိ၌၊ ပါဏာတိပါတာ-ကို၊ (ယံန္နူန)ပဇေယျာမ-အကယ်၍၌ ပယ်စွန့်ကြရပါမူ ကောင်းပေစ့။ ဣတိအတ္ထော - နက်၊ [ယံန္နူနပုစ်းကို ပါဠိတော်မှ ယူသည်။]

ဝိသတိ ဝဿာယုကာတိ(ဇ္ဇော)--ဟူသော ဤပါဠိ၌၌၊ (ဧစာဒသ၁ သောဒသ၁ နယော-ဧစာဒသ၁ သောဒသ၁နဲ့ဘဲးကို၊ ဧဝံ ဧဝမိတရေ့ပေ၁)ပ၁တ၁ပိတရော—တို့သည်၊ ပါဏာတိပါတာ-မှ၊ ပဋိဝိရတ၁-ရှောင်ကြဉ်ကြကုန်၏၊ ပုတ္တာ-သား၁သို့ဘီ့သည်၊ ကသ္သ၁—ကြောင့်၊ ဝိသတိဝဿာယုကာ-နှစ်ဆယ်သော အသက်တမ်း

တဘ့ကြောင့်နည်း - အပုနရာဝတ္တုနတော၁ (တဖန် ပြန်မလာနိုင်သော်ကြောင့်တည်း၊) နရာဘာဃာဝိနာ၁ (မင်းဘေး စသည်ကြောင့် ပျက်စီးခြင်းကဲ့သို့ မဟုတ်၊) ဥပတ္ထမန၀ဿန ပုနရာဝတ္တိယာဝိ တဿ လဗ္ဘနတော၁ (သို့ လပြုခြင်း၏အစွမ်းဖြင့် ထိုမင်းဘေး စသည်ကြောင့် ပျက်စီးမှု၏ တဖန် ပြန်လာမှုကို ရနိုင်ခြင်းကြောင့်တည်း)။

ဆိုလိုရင်းကား — မင်းစသည်တို့က ဖမ်းဆီးမှုကြောင့် ဆွေမျိုးတို့၏ ကုန်ခန်း ပျက်စီးမှုသည် တရံတခု ကြိုးစား၍ (လာတ်ထိုးမှ) ဖြင့် ပြန်လွတ်လာနိုင်သေး၏၊ သေသောအားဖြင့် ကုန်ခန်း ပျက်ဒီးသွားသော ဆွေမျိုးတို့ကား ပြန်မလာနိုင်ကြတော့၊ ကြာလေ ဝေးလေ ကြာလေ ဝေးလေ ဖြစ်သည်ဟု ဆိုလိုသည်။ [ဋီကာစာအုပ်တို့၌ ''ဥပ္ပာမနဝသေန''ဟု ပါဠိပျက်နေ၏။]

ဩသက္ကေယျာမ။ ။ဝိရမေယျာမကို ဩသက္ကေယျာမဟု ဖွင့်၏၊ ထိုပုစ်းကိုလည်း ''ဩရုဓမေယျာမ—ရှောင်ကြဉ်ရပါမူ ကောင်းပေစ့''ဟု ဋီကာဖွင့်၏၊ ''ပါဏာတိပါတံ''ဟု ဒုတိယာန္တ ရွတ်ဆိုကြသော ဆရာများအလိုကား ''ပါဏာတိပါတကို ရှောင်ကြဉ်ခြင်း''ဟူသည်လည်း လိုရင်းအားဖြင့် ပါဏာတိပါတကို ပယ်စွန့်ခြင်းပင် ဖြစ်သောကြောင့် ဝိရမေယျာမကို ''ပဇဇေ့ယျာမ''ဟု အဓိပ္ပါယ်ဖွင့် ဖွင့်သည်။

သင္ဃယန္တိ။ ။သံ+အဓိ+ဇုဓာတ်၊ ဇုကို ၈ ကို အယဖြစ်၍ သင္ဃယတိ သင္ဃယန္တိ ဟု ဖြစ်၏၊ ထို့အတူ သင္ဃိယတိမ္ဟံ သင္ဃယိတုံ စသည်ဖြစ်၏၊ ၈၈ အနုမန်ပါဓာဒ္ဓဂ်ကား ဇကို အာသပြု၍ ''သင္ဃာယော သင္ဃာယကော''ဟု ဖြစ်၏၊ ဤသို့ ဆရာများ ဆုံးဖြတ်ဓလေ့ရှိကြသည်။

မဘဝိတရော၊ဧပ၊အဟေသုံ။ ။ဆယ်နှစ်တန်း ဆုတ်ကပ်ကာလဝယ်မှ မိဇတို့က သာ ပါဏာတိပါတမှ ရှောင်ကြဉ်ကြ၏၊ သားသျီးတို့ကား ရှောင်ကြဉ်ဖို့ မဆိုထားဘိ လှပင်မဖြစ်ကြသေး၊ သို့ပါလျက် အဘယ်ကြောင့် သားသျီးတို့ အသက်နှစ်ဆယ် ရှိမှိုင်ပါသနည်းဟု ဓမေးသည်၊ ထိုအဓမေးကို ''ခဏ္ဍတ္တိသုခိုယာ''ဟု အကျဉ်းဖြေသည်။

ရိုကုန်သည်၊ အဟေသုံ - ဖြစ်ကုန်သနည်း၊ ဣတိ - ဤကား အမေးတည်း၊ ခေတ္တ ဝိသုဒ္ဓိယာ- သား သို့ဟို့၏ တည်ရာဖြစ်သော ဓိဗဟူသော ခေတ်၏စင်ကြယ်ခြင်း ကြောင့်တည်း၊ (ပုတ္တာ ဝိသုတိဝဿာယုကာ အဟေသုံ) (ဣတိ-ဤကား အဖြေ တည်း)၊ဟိ-ခွဲ။ [ခေတ္တဝိသုဒ္ဓိယာဟူသောအဖြေကိုခွဲသည်။] ဧတေသံ-ထိုသားသို့ တို့၏။ မာတာပိတရော-တို့သည်၊ သီလဝန္တော-သီလရှိသူတို့သည်၊ ဇာတာ-ဖြစ် ကုန်ပြီ၊ဣတိ-ဤသို့။ သီလဂန္ဓေ-သီလရှိသူ၏ ဝမ်းတို့ကိုင်၌၊ ဝန္ဓိတတ္တာ-ကြီးပွားရသည်၏ အဖြစ်ကြောင့်၊ (ကြီးပွားရသည့်အတ္ထက်)၊ ဣမာယ ခေတ္တ ဝိသုဒ္ဓိ ယာ- ဤ ခေတ္တဝိသုဒ္ဓိကြောင့်၊ ဒီဃာယုကာ အဟေသုံ။

/ ခေတ္တဝိသုဒ္ဓိယာ။ ။သားသို့းလောင်းဖြစ်သော် သတ္တဝါတို့၏ ရှုခ်ာခ် ခန္ဓာ အစဉ်သည် မျိုးစေ့နှင့်တူ၏၊ ဓိဗတို့သည် လယ်ယာနှင့် တူကြ၏၊ ထိုသားသို့းတို့၏ဖြစ်ရာ တည်ရာဖြစ်သော ဓိဗတို့၏ စင်ကြယ်ခြင်းကြောင့် (လယ်ယာ၌မြေကောင်းခဲ့ စိုက်ပျိုးခပ် သော် မျိုးစေ့များ ဖြစ်ထွန်းကြီးပွားသလိုု) သားသို့းများ အလက်ရှည်ကြသည်၊ [ခေတ္တ ဝိသုဒ္ဓိယာတိ အဓိဗ္ဗာခရာဟူတ ဝတ္ထု ဝိသုဒ္ဓိယာ၊- ဋီကာ။]

သီလဂန္ဓေ ဝခိတတ္တာ။ ။သီလရှိသောဝမ်းတိုက် (သီလဂန္ဓ) ဟူသည် ဓိဗန္ဒုခိုး လုံး သီလရှိသောကြောင့် ထိုသူတို့၏ အဓိဗ်အပိုင်းဖြစ်သော (ထို ဓိဗတို့က အဓိ၏ ခန္ဓာအစဉ်၌ အဓိဗ်အပိုင်း အထူးအဖြစ်ဖြင့် ပါဝင်နေသော) ဝမ်းတိုက်တည်း၊ (ထို့ကြောင့် သားသို့းများကို "ဝါလေးတွေ"ဟု တချို့ ဓိဗများက ပြောကြသည်း) ထို ဝမ်းတိုက်၌ဖြစ်ခြင်းကို "သီလဂန္ဓေ ဝခိတာ"ဟု ဆိုသည်၊ ["သီလဂန္ဓေ ဝခိတတ္တာတိ မဘဝု ဝိတုစ သီလံဝန္ဓကာယ တဒဝယဝဘူတော ဂန္ဓေ ဝခိ "သီလဂန္ဓ ဝခိတာ" တိ ဝုတ္တာ၊- ဋီကာ။]

ဇုတိ၊ပေ၊ဝိသုဒ္ဓိယာ။ ။ဤစကားဖြင့် "ခေတ္တဝိသုဒ္ဓိယာ" ဟူသော အကျဉ်း အဖြေ၏ အကျယ်ကိုပြသည်၊ သီလရှိသော အဓိဝမ်းတိုက်၌ ဖြစ်ကြရသည့် အတွက် ခေတ္တဝိသုဒ္ဓိဖြစ်သောကြောင့် သားသို့းများ အသက်ရှည်ကြရသည် - ဟူလို၊ ဤစကား ရပ်ဖြင့် ပြင်ပဖြစ်သော ဥတု အာဟာရတို့သည် သတ္တဝါတို့၏ခန္ဓာအစဉ်အား ကျေးဇူး ပြုတတ်သကဲ့သို့ ဥတု အာဟာရမှ အခြားဖြစ်သော ဓိဗတို့၏ သီလရှိမှုဟူသော ဗာဟိရ အကြောင်းသည်လည်း သားသို့းဟူသော သတ္တဝါတို့၏ ခန္ဓာအစဉ်အား ကျေးဇူးပြုနိုင် ကြောင်းကို ပြသည်။ [ကျေးဇူးပြုဟူသည် အသက်ရှည်စေနိုင်သော သတ္တိထူးကို ခန္ဓာ အစဉ်တွင် မြှုပ်နှံ သွင်းပေးခြင်းတည်း၊ ၎င်းကို "ဝိသေသာဝေန" ဟု ခေါ်၏။]

မေးဖွယ်။ ။ ထို ဝိသေသာဝေနဖြစ်လျှင် ရှင်အစဉ်၌သာ ဖြစ်ရာသည်မဟုတ် ခဲ့လေ၊ (ထို ဝိသေသာဝေနကား ရှင်ဗိဝိတနှင့်တကွဖြစ်သော ရှင်အစဉ်၌သာ တည်ရာ သည် မဟုတ်လော၊) ရှင်ဗိဝိတရှိရုံမျှနှင့် အသက်မရှည်နိုင်၊ နာဝ်တရား မချုပ်ငြိမ်း ခဲ့အောင် (စုတိစိတ်မကျပဲ နာဝ်ခန္ဓာအစဉ် ဆက်၍ဖြစ်နေအောင်) နာဝ်ဗိဝိတနှင့်တကွ နာဝ်တရားများ၌လည်း ဝိသေသာဝေနတည်မှ အသက်ရှည်နိုင်၏၊ အဘယ်နည်းဖြင့် နာဝ်တရားတို့အားလည်း ကျေးဇူးပြု၊သနည်း ဟု မေးဖွယ်ရှိ၏။

အဖြေကား။ ။ထို သတ္တိထူးသည် ရှင်အစဉ်၌သာ တည်သည်ကား ဖွန်ပ၊၏၊ သို့သော် ရှင်အစဉ်သည် ထို အသက်ရှည်နိုင်ငလေ၊က်ခဲ့အောင်သော့အခြင်းအရာအားဖြင့်

ပန- ဆက်၊ ထွေ- ဤလောကဌ်း၊ (တတ္ထ- ထိုသတ္တဝေ အပေါင်းတွင်)၊ ယေ- အကြင် သတ္တဝါတို့သည်၊ ကာလ-သေခြင်းကို၊ ဝါ- သေချိန်ကို၊ ကတ္တာ-ပြု၍၊ တတ္ထေဝ- ထို သတ္တဝေ အပေါင်းဥပင်၊ နိဗ္ဗတ္တာ- ဖြစ်ကုန်ပြီ၊ တေ- ထို သတ္တဝါတို့သည်၊ အတ္ထနော - ၏သာ၊ သိလသမ္ပတ္တိယာ — သီလ၏ပြည့်စုံခြင်းကြောင့်၊ ဒိဿာယုကာ အဟေသုံ။

အဿာမာတိ- ကား၊ ဘဝေယျာမ- ဖြစ်ရပါမူ ကောင်းပေစု၊ [ပါဠိတော်၌ပါသော ယန္နူနပုဒ်၏အနက်ကို ယူပေးသည်၊ ဘဝေယျာမဖြင့် အဿာမဉ္ဉဲ အသာမဘဲ + ဗျော်မတိုက် ဟု ပြသည်၊ ရှပ်ပြီးပုံကို သဒ္ဒါကျမ်းတို့၌ ရှုပါ။]

သွင်းထားအပ်သော သတ္တိထူးရှိလသော် နာမ်အစဉ်သည်လည်း ထိုရှုပ်၌စပ်သော ဖြစ်ခြင်းရှိသည့်အတွက် (ထိုရှုပ်ခင့်ဆက်သွယ်၍ ဖြစ်ရသည့်အတွက်) ကျေးဇူးဖြို့မူ ခံရတော့သည်သာ ဖြစ်၏၊ ဥပမာ- ကမ္ဘီကာရ အာဟာရသည် ထောက်ပံ့အပ်သော ရူပကာယ်၌ ခဏိကိုယ်တခုလုံး ထောက်ပံ့အပ်ပြီး ဖြစ်တော့သကဲ့သို့တည်း။ [အစာအာဟာရက အာဟာရဇရုပ်ကို ထောက်ပံ့လိုက်လျှင် ကမ္မဇ စိတ္တဇ ဥတုဇရုပ်တို့ကိုလည်း သောက်မှီပြီး ဖြစ်သကဲ့သို့တည်း။]

ဆက်ဦးဆုံ -- စကြဝဠဝေးမင်း၏ ကောင်းမှုအထူးကိုမှီ၍ သူ၏ မိဖုရားရတနာအစရှိသုတို့မှာ အခြားသူတို့နှင့် မဆက်ဆံသော ထိုထိုအကျိုးထူးများ ဖြစ်ကြသကဲ့သို့ ထိုဆယ်နှစ်တမ်းကာလ၌ မိဖတို့၏ (ပါဠိတော်၌ဟောဖော်မူအပ်ပြီးသော) ကောင်းမှုအထူးကို မှီ၍ ဖြစ်ပေါ်လာသော သားသမီးတို့မှာ အသက်ရှည်မှုတွေ အကျိုးထူးသည် ခေတ္တပိသုဒ္ဓိကြောင့်ပင် ဖြစ်၏၊ ဘဉ်ကြောင့်နည်း- သံဝေဝက္ကြောင့် ဖြစ်ပေါ်လာသော ဓမ္မဆန္ဒ အစရှိသောတရားအပေါင်းသည် ထိုးပွားနေသော အခါ၌ ထိုမိဖတို့၏ ကုသိုလ်စေတနာ၏ အကျိုးပေးနိုင်လောက်အောင်သော အခြင်းအရာအားဖြင့် မွန်မွန်မြတ်မြတ် ဖြစ်ခြင်းကြောင့်တည်း။

ဃေ ပနေတ္ထ၊ ဧဝံ၊ တဇ္ဇေဝ။ ။ထွေဘဝိ ဈမသို့ မနုသ္သလောကေ၊ တတ္တာဘိယထာ ပုတ္တို့ ကုသလမဲ့ ဆယဒါဃ ဝတ္ထုမာနေ သတ္တုနိကာယေ၊ တဇ္ဇေဝါဘိ တသို့ ယေသတ္တုနိကာယေ၌ဤရှိကာဇွင့်အတိုင်းအနက်ဖေးသည်၊ "တတ္တ" ဟူသောသံဝဏ္ဏေတမ္ဘာဘး ယခု အဋ္ဌကထာစာအုပ်များ၌ မတွေ့ရတော့၊ သို့သော် ထိုပုဒ်ဝါမှ အဓိပ္ပါယ်ပြည့်စုံဖေမည်။

ဆိုလိုရင်းကား။ ။ဆယ်နှစ်တမ်းကာလ၌ သံဝေဝရှိ ကုသိုလ်ပြုကြသော ဒိဗ္ဗတို့၏ သားသမီးများသည် အနှစ်နှစ်ဆယ် အသက်ရှည်၏၊ ထိုသားသမီးတို့သည် မိဖတို့နှင့် အတူ ခိုစိုတို့လည်း ကုသိုလ်ပြုပြီးနောက် စုတေကြသောအခါ အကြောင်းအားလျော်စွာ ချိုလူပြည်၌ ဖြစ်ကြပြန်၏၊ ထိုသတ္တဝါတို့၏ အသက်ရှည်မှုကား မိဖိတို့၏သီလကြောင့် ဖြစ်ရသည်ဟု ဆိုလိုသည်။

အတ္ထနောဝ သီလသမ္ပတ္တိယာ။ ။ဤ၌ အဋ္ဌကထာဖြစ်သော (သားသမီးတို့၏သန္တာန်၌ ဖြစ်သော) သီလရှိမှုက အသက်ရှည်ဖို့ရန် ထူးသောအကြောင်း ဖြစ်သောကြောင့် "အတ္တနောဝ သီလသမ္ပတ္တိယာ" ဟုဆိုသည်၊ သို့သော် ခေတ္တပိသုဒ္ဓိလည်းမကင်းနိုင်ပေါ်။

စတ္တာရီသ ဝဿာယုကာတိ အာဒေယော- ကုန်သော၊ ကောဋ္ဌာသာ- အစုတို့ကို၊ [စတ္တာရီသဝဿာယုက မှ အဘိတိဝဿသဟဿာယုက တိုင်အောင်သော တဆယ်တပါးသော အစုတို့ကို၊] အဒိန္နာဒါနာဒီဟိ - အဒိန္နာဒါန အစရှိသည်တို့မှ၊ [အာဒိဖြင့် ကာမေသုမိစ္ဆာစာရမှ ကုလေ.ဇေဋ္ဌာပစာယိက တိုင်အောင် သော ဆယ်ပါးတို့ကို ယူ။] ပဋိဝိရတာနံ– ရှောင်ကြဉ်မှုတို့၏၊ ဝေနေန– အစုစ်ဖြင့်၊ ဝေဒိတဗ္ဗော။ [ဆယ်ပါး ဆယ့်တပါးတို့၏ သရုပ်အကျယ်ကို ပါဠိတော်၌ ကြည့်ပါ။]

သခ်ၤဇ ဥပ္ပတ္တိ ဝတ္ထုနာ

၁၀၆။ ဣစ္ဆာဘိ – ကား၊ မယုံ-အား၊ အတ္တံ-ကို၊ ဒေဏ - ပေးပါကုန်၊ ဣတိဇေ - ဤသို့ (နှတ်မြွက်၍ တောင်းခြင်းဖြင့်)၊ ဥပဇ္ဈံနာဂ တဏှာ - ဖြစ်သော တဏှာတည်း၊ အနုယန္တိ–ကား၊ နုအသန်– ထမင်းမစားလိုခြင်းတည်း၊ အဝိပ္ပရိဂ ဘာဝေါ – ပြန့်ပြန့် ပြောပြော မရှိသည်၏ အဖြစ်တည်း၊ (သွက်သွက် လက်လက် မရှိသည်၏ အဖြစ်တည်း၊)၊ ကာယာလသိယ်-ကိုယ်၏ ပျင်းရိသည်၏ အဖြစ်တည်း၊(ကိုယ်လေးလံ ထိုင်းမှိုင်းခြင်းတည်း)၊ ဘတ္တာ-ထမင်း-ကို၊ ဘုတ္တာနံ-စားပြီးသူတို့၏၊ ဘတ္တသမ္မဒ ပစ္စယာ - ထမင်းဖြင့် ယစ်ခြင်းဟူသော အကြောင်း ကြောင့်၊ (ထမင်းဆိုယစ်ခြင်းဟူသော အကြောင်းကြောင့်)၊ နိပ်ဇ္ဈီတ္ပကာမတာ ဇနကာ–အိပ်ခြင်းငှါ အလိုရှိသည်၏ အဖြစ်ကို ဖြစ်စေတတ်သော၊ ကာယ ဒုဗ္ဗလ ဘာဝေါ-ကိုယ်၏ အားမရှိသည်၏ အဖြစ်တည်း၊ ဣတိ အတ္ထော-နက်၊ ဇာတိ-အတ္ထော၊ ဇာတိကား၊ ပါကဋ္ဌဇရာ—ထင်ရှားသော ဇရာတည်း၊ [အသက်ကြီးရွယ် သွားကျိုးခြင်း ဆံပွါးခြင်း စသည်ဖြင့် ဖြစ်ရိုး ဖြစ်စဉ် အထင်အရှားအိုခြင်းတည်း။]

ကုက္ကုဠသမွာတိကာတိ–ကား၊ တောသု-ဤ ဂါမ, နိဂမ, ရာဇဓာနီတို့၌၊ (ဤ ရွာ, နိဂုံး, မင်းနေပြည်တို့၌)၊ ကေဂါမေဘာ-တခုသော ရွာ၏၊(တခုသော

ဗ္ဗန္ဓာ အနသန်။ ။ထမင်းစားလိုခြင်း (ထမင်းဆာခြင်း) သည် "ဗ္ဗန္ဓာ" တည်း၊ ထမင်းစားလိုသောအခါ ထမင်းဗေးကြပါ (ကျွေးကြပါ) ဟု တောင်းရမ်းလောက် အောင် ဆာသောဒုက္ခဝေဒနာ ဖြစ်၏၊ ဤကား ရောဂါတမျိုးတည်း၊ ထမင်းစား ပြီးသောအခါ ထမင်းကိုလည်း တပ်၍ မစားချင်တော့, ဟိုအလုပ် ဒီအလုပ်ကိုလည်း မလုပ်ချင်ပဲ ခန္ဓာကိုယ် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်၍ အိပ်ချင်နေသလို ဖြစ်သော ကုံထ် လက် မအီမသာ ဖြစ်မှုသည် "အနသန" တည်း၊ ဤကား ရောဂါတမျိုးပင်၊ အနှစ် ရှစ်သောင်း အသက်ရှည်ရာအခါဝယ် လူတို့၌ အထက်ပါ ရောဂါ နှစ်မျိုးနှင့် ဇရာ ဟူသော ရောဂါ သုံးမျိုးသာရှိသည်။

ကုက္ကုဠသမွာတိကာ ။ ။ သမွာတန် သမွာတော၊ ကုက္ကိုဠုသာန် + သမွာတော ကုက္ကုဠုသမွာတော၊ ကုက္ကုဠုသမွာတော+တောသု + အဏ္ဍီဘိ ကုက္ကုဠုသမွာတိကာ၊ ရွာတရွာ၌ အစွန်းဆုံးအိမ်၏ အမိုးမှ အစွမ်းကုန် ပျံလွှဲသော ကြက်သည် အခြား

ရွာတုင့် ပါဝင်သော အိမ်တအိမ်၏၊) ဆဒန ပိဋိတော–အမိုး အပြင်မှ၊ (ဆမိုး အစုနိမ့်)၊ ဥပ္ပတိတ္ဝာ-ပျံတက်၍၊ လူတရဂါမဿ-အခြားရွာ၏၊ (အခြားရွာတွင် ပါဝင်သော အိမ်၏၊) ဆဒနပိဋ္ဌေ- ၌၊ ပတန သခ်ၤါတော - ကျခြင်း ဟု ဆိုအပ်သော၊ ကုက္ကုဋ္ဌသမ္မာတော – ပုံသော ကြက်၏ ကျခြင်းသည်၊ အတ္ထိ - ရှိ၏၊ ဣတိ–ကြောင့်၊(ထိုသို့ ကြက်၏ ပျံကျခြင်းရှိ‌ရာ၏ အဖြစ်ကြောင့်၊) (တာ–ထို ဂါမ, နိဂမ, ဆုဇဓာနီတို့သည်၊) ကုက္ကုဋ္ဌသမ္မာတိကာ–တို့ မည်၏။

ကုက္ကုဋ္ဌသမ္မာဒိကာတိပိ – ဟူ၍လည်း၊ ပါဋ္ဌေ – ပါဋ္ဌိတော် ပါဠိသည်၊ အတ္ထိ – ရှိသေး၏၊ တောသု – တို့၌၊ ဂါမန္တရတော– ရွာတပါး၌၊ (အခြားတရွာမှ) ဂါမန္တရံ - အခြားတရွာသို့၊ ကုက္ကုဋ္ဌာနံ- တို့၏၊ ပဒဿာ- ခြေဖြင့်၊ ဂမနသခ်ၤါတော–သွားခြင်း ဟု ဆိုအပ်သော၊ ကုက္ကုဋ္ဌသမ္မာဒေါ– ကြက်တို့၏ သွားခြင်းသည်၊ အတ္ထိ- ၏၊ ဣတိ အတ္ထော- နက်၊ ဥဘယမ္ပိ – နှစ်ပါးစုံလည်း ဖြစ်သော၊ (ကုက္ကုဋ္ဌသမ္မာတိကာ, ကုက္ကုဋ္ဌသမ္မာဒိကာအားဖြင့် နှစ်ပါးစုံလည်း ဖြစ်သော)၊ တေ–ဤပုစ္ဆိသည်၊ (ဂါမ နိဂမ ဆုဇဓာနီနှစ်–တို့၏၊) [သမ္ဘန်ထည့်။] ဃနနိဝါသတံယေဝ-တခဲနက် တည်နေသည်၏ အဖြစ်ကိုသာ၊ ဒီပေတိ – ပြ၏၊ အဝီစီ မညော ဖုဋ္ဌော ဘဝိဿာဘိတိ--ကား၊ အဝီစိ မဟာနိရယော ဝိယ – အဝီစိ ငရဲကြီးကဲ့သို့၊ နိရန္တရုပ္ပါတော – အကြားမရှိအောင်ပြည့်သည်၊ ဘဝိဿတိ – လိမ့်မည်။[မညောကို ဝိယ ဟု ဖွင့်သည်၊ မညေသည် ဥပမာနဇောတက နိဝါတ်-ဟူလို။]

၁၀၇။ အသိတိဝဿသတသဟဿာယုကေသု၊ပေါဋ္ဌပုဗ္ဗိဿတိဘိ-အသီတိ၊ပေါဋ္ဌပုဗ္ဗိဿတိဟူသော ဤစကား‌ကို၊ ဝမုမာနကဝေနေ–တိုးပွားဆဲ အာယု

တရွာ၏ အိမ်မိုး‌ပေါ်သို့ ကျရ‌ာ၏၊ တရွာနှင့်တရွာ မဝေးလှမဲ ရွာခြင်း ဆက်လုနီး‌ပါး ဧကာနေသော ရွာ နီဂုမ်း- ဓင်းနေပြည်သူများ၊ ဤကို ထောက်၍ "ကြက်ပျံ‌တကျ စည်ကား‌သည်" ဟု ပြော‌ကြ‌၏၊ ကုက္ကုဋ္ဌသမ္ဘ-ဒီကာပ၇်၌ အတောင်ဖြင့် မပျံဝံ ခြေဖြင့်သွား‌ခြင်း‌ကို ယူထား‌သည်သာ ထူး‌၏။

ဖုဋ္ဌော ။ ။ ကေအာ်တွာရ, ကာယဂတာသတိဝဂ္ဂ၌ "စေတသာ ဖုဋ္ဌော"ပုဒ် အဖွင့် ဋ္ဌ-ဋီ တို့ကို ထောက်၍ ဇရေဝတ် – ဗျာပန အနက်ဟော + တ ဝစ္ဆဲး၊ ဇ္ဈ (အ) ကို ဥ၊ တကို ဋ္ဌ ပြု၊ "ဖုဋ္ဌော-ဖြန့်အပ်သည်၊ ဝါ–ပျံနှံ့သည်"ဟု သဒ္ဒတ္ထဖြစ်၏၊ ပျံနှံ့ပုသည်လည်း လူတို့ဖြင့် ပြည့်နေခြင်း‌ပင်တည်း၊ ထို့‌ကြောင့် "ပုရိတော "ဟု အဓိပ္ပါယ်ထွ ဖွင့်သည်။

နဓမာနကဝေသေန ဝုတ္တံ ။ ။ဝါဠိတော်၌ "ဆယ်နှစ်ဝတမ်းမှစ၍ အသက် ရှစ်သောင်းတမ်း၌ မေတ္တေယျဘုရား‌ရှင် ပွင့်တော်မူလိမ့်မည်"ဟုဟော‌တော်မူထား‌၏၊ ထိုသို့ဆိုလျှင် "အသီတိပေါဋ္ဌပုဗ္ဗိဿတိ"ဟူသော စကား‌ကို တက်ကပ်၏ အစွမ်း‌ဖြင့် ဟော‌အပ်ရာ ဆောက်၏၊ အမှန်မှာ တက်ကပ်၏အစွမ်း‌ဖြင့် ဟော‌တော်မူအပ်သော စကား မဟုတ်ပ၊။

ကပ်၏ အစ္စမိုးဖြင့်၊ (တက်ကပ်၏အစ္စမိုးဖြင့်)၊ နှ ဝုတ္တ–ဟောတော်မူအပ်သည် မဟုတ်၊ [အဘယ်ကြောင့် တက်ကပ်၏အစ္စမိုးဖြင့် ဟောတော်မူအပ်သနည်းဟူ မေးဖွယ်ရှိ၍ ''နံ ဟိ'' စသည်ကိုမိန့်။] (**ကသ္သ**–နည်း၊) ဃသ္သာ–ကြောင့်၊ ဗုဒ္ဓါ–တို့သည်၊ ဝစုမာ**နေ**–တိုးဝှေးဆဲဖြစ်သော၊ အာယုမ္မိ– အာယုကပ်၌၊ (**အသက်**တမ်း၌)၊ **နှ** နိဗ္ဗတ္တန္တိ–မဖြစ်ကုန်၊(ပုဉ်တော်မမှုကုန်)၊ ပန–စင်စစ်ကား၊ ဟာဃ မာနေ– ဆုတ်ယုတ်ဆဲဖြစ်သော အာယုကပ်၌၊ နိဗ္ဗတ္တန္တိ– ကုန်၏၊ (**တသ္မာ**–ကြောင့်၊ အသီတိ၊ဗေ၊ ဥပ္ပဇ္ဇိဿတိတိ–ဟူသော စကား**ကို**၊ ဝစုမာနကဝေန**နှ** ဝုတ္တံ–အပ်၊) [ကသ္သ**၏** အဓေးကို ဖြေသည်။] တသ္သာ - ကြောင့်၊ (**ထိသ္သိ**အသီတိ၊ဗေ၊ဥပ္ပဇ္ဇိဿတိ ဟူသော စကား**ကို** တိုးပွားဆဲဖြစ်သော **အာယုကပ်၏**အစ္စမိုးဖြင့် **ဟော**တော်မမူအပ်သည်၏ အဖြစ်ကြောင့်)၊ [**ဖလဝါကျ**ကို ပြန်စဲ့သည်။] ယဒါ–၌၊ တံ **အာ**ယု– ထို အသက်တမ်းသည်၊ ဝနိတ္ထာ – တိုးတက်၍၊ အသနေ်ယျတံ– အသနေ်၌ ရှိသည်၏ အဖြစ်သို့၊ ပတ္တာ – ၍၊ ပုန–ဖန်၊ ဟာဃ မာန်–ဆုတ်ယုတ်လျက်၊ အသီတိဝဿ သဟဿံကာလေ – အနှစ် ရှစ်သောင်း ရှိရာအခါ၌၊ ဌဿတိ–တည်လိမ့်မည်၊ တဒါ–၌၊ (**မဇ္ဈေ**ဇယျေ၂နှာမ–**မေ**ဇ္ဈေယျ မည်သော၊ ဘဂဝါ–သည်၊) ဥပ္ပဇ္ဇိဿတိ– ပွင့်တော်မူလိမ့်မည်၊ ဣတိ အ**ဇ္ဈော**–ကို၊ ဒဋ္ဌမ္မော–၏။[တသ္မာ၏ စပ်ပုစ္ဆာမရှိသောကြောင့် ''**ဒဋ္ဌမ္မော**''ဟု ထည့်သည်။] ပန–ဆက်၊ ပရိဟာရိဿတိတိ ဣဿံ–ကို၊ ပရိဝါရေတွာ– ခြံရံ၍၊ ဝိစရန္တာနံ–လှည့် လည်သော ရဟန်းတို့၏၊ ဝသေန ဝုတ္တံ။

နဟိ၊ဗေ၊နိဗ္ဗတ္တန္တိ။ ။ အဘယ်ကြောင့် တက်ကပ်၏ အစ္စမိုးဖြင့် ဟောတော် မမူကြောင်းကို သိနိုင်သနည်း ဟု မေးဖွယ်ရှိ၍ ''နံဟိ'' စသည်ကိုမိန့်၊ ဘုရားရှင်ထွဋ်သည် တက်ကပ်၌ ပွင့်ရိုးထုံးစံ မရှိ၊ ဆုာ်ကပ်၌သာ ပွင့်ရိုးထုံးစံ ရှိကြောင်းကြောင့် သိရပါသည်–ဟူလို။

တက်ကပ်၌ ဖွင့်ပုံ ။ ။ သတ္တန္နံ ဝဿာနာယုကကာလေ (တိုးတက်သော အသက်တမ်းရှိရာ အခါ၌) ဗုဒ္ဓါ နှ နိဗ္ဗတ္တန္တိ၊ သံသာဒေ့ သံဝဝဿ ဒွေဘာဝနီယဂ္ဂာ (သံသရာ၌ ဦးဋ္ဌေ့ခ်၏ ခဲယဉ်းသဖြင့် ထင်ရှားစေအပ်သောကြောင့်တည်း၊) - ဋီကာ။ ထို့ကြောင့် အနှစ်ရှစ်သောင်းတမ်းမှ အသနေ်ယျတမ်းတိုင်အောင် တိုးတက်၍ တဖန် ထို အသနေ်ယျတမ်းမှ ဆုတ်လာသောအခါ အနှစ် ရှစ်သောင်းတမ်းသို့ ဧနာ်ကလိမ့်မည်၊ ထို အခါကျမှ ဓမ္မဇ္ဇေယျဘုရားရှင် ပွင့်တော်မူလိမ့်မည်။

ပရိဝါရေတွာ ဒိစရန္တာနံ။ ။ သော အနေကသဟဿံ ဘိက္ခူသံဃံ ပရိ ဟာရိသတိ ဟု ဟောတော်မူထား၏၊ ထို့စကားကို ဘုရားရှင်၏ နောက်က ကြွတော် မူသလိုရာရာ အခြံအရံ အဖြစ်ဖြင့် လိုက်ပါသော ရဟန်းတို့ကို ရည်ရွယ်၍ ဟောတော် မူသည်၊ အမှန်မှာ ထို ဘုရားရှင်သည် ထောင်ပေါင်း သောင်းပေါင်း သိန်းပေါင်း သန်းပေါင်း များစွာသော ရဟန်းတို့ကို ခွန္ဓာဆောင် လမ်းပြတော်မူပါလိမ့်မည်။

ယူပေါ်တိ - ကား၊ ပါသာဒေါ - ပြာသာဒ်ကို၊ (ကာရုပိတော ၌စပ်) ၊ ရုည္ဘာ ၊ပေ၊ ကာရုပိတောတိ - ကား၊ ဟေတုဘူတေန — အကြောင်းဖြစ်၍ ဖြစ်သော၊ ရုညာ - မဟာပနာဒဓမင်းကြောင့်၊ တသာ - ထိုမင်း၏၊ အတ္ထာယ-အကျိုးငှ ါ၊ ဒေဝရာဇေန - နတ်ထို့၏ မင်းဖြစ်ဘော၊ သင်္ကေန - သိကြားသည်၊ ဝိဿကမ္မဒေဝပုတ္တံ - ဝိသကြံနတ်သားကို၊ ပေသေတွာ - စေလွှတ်၍၊ ကာရုပိတော—ပြုစေအပ်ပြီ၊ (ဆောက်လုပ်စေအပ်ပြီ)၊ ကိရ-ခဲ့၊ [ဧရှးနိဿယခဲ့ ''ကိရ-အကြောင်းကား'' ဟု ပေး၏။] ပုဗ္ဗေ-ခဲ့၊ ဒ္ဒေ-ကုန်သော၊ ပိတာပုတ္တာ-အဖေနှင့် သားဖြစ်ကုန်သော၊ နဋ္ဌကာရာ-ကျူးထရံပြုလုပ်သူတို့သည်၊ (ကျူးအလုပ်သမား တို့သည်၊) ပစ္စေကဗုဒ္ဓဿ- ပစ္စေကဗုဒ္ဓ၏အတွက်၊ နဋ္ဌေဟိ-- ကျူးတို့ဖြင့်လည်း ကောင်း၊ ဥဒ္ဒမ္ဗရေဟိ - ရေသဖန်းသားတို့ဖြင့်လည်းကောင်း၊ ပဏ္ဏသာလံ — သစ်ရွက် အမိုးအကာရှိသော ကျောင်းကို၊ ကာရာပေတွာ - ဆောက်လုပ်စေ၍၊ တံ–ထို ပစ္စေကဗုဒ္ဓါကို၊ တတ္ထ-ထိုကျောင်း၌၊ ဝါသာပေတွာ-နေစေ၍၊ စတ္တုတိ ပစ္စယေဟိ–တို့ဖြင့်၊ ဥပဋ္ဌဟိ သု–ပြုစု လုပ်ကျွေးကုန်ပြီ။

တေ-ထို သားအဖနှစ်ယောက်တို့သည်၊ ကာလံ-သေခြင်းကို၊ ကတ္တာ-ပြု၍၊ ဒေဝလောကေ-၌၊ နိုဗ္ဗတ္တာ-ကုန်ပြီ၊ တေသု- ထို သားအဖနှစ်ယောက်တို့တွင်း ပိတာ-သည်၊ ဒေဝလောကေယေဝ-နတ်ပြည်၌သာ၊ အဋ္ဌာသိ-တည်ပြီ၊ ပုတ္တော-

---

ယူ၄၀၂။ ။ယူပေါတိ ပါသာဒေါဟု ဖွင့်၏၊ ယူပနှင့် ပါသာဒသည် ပရိယာယ်ဟု ဆိုလို၏၊ အဘိဓာန် (၂၀၀) ၌လည်း ပါသာဒေါ၄၀၀ ယူပေါဆဟု ပရိယာယ်ပင် ဆို၏၊ ဤပုဒ်ကို ဋီကာ၌ သမ္ပသိတဋ္ဌေန ယူပေါဝိယာတိ ယူပေါ(မတ်မတ် စိုက်ထောင် အပ်သောကြောင့် တိုင်နှင့်တူသော ပြာသာဒ်) ၊ ယူပန္တိ ဧတ္ထ သဒ္ဓာ အနေကဘူမိ ကူဋာဂါရော ဝရကာဒိ (ကူဋာဂါရ+ဩဝရကာဒိ) ဝန္တ်တာယာတိ ယူဒပါ၊ (များစွာ သော အထပ်, အထွဋ်တပ်အပ်သောအိမ်, အခန်းငယ်ရှိသောကြောင့် သဒ္ဓါတို့၏၊ တွေဝေ ဓေမူးရာ (ဖျော်ဖျော်ဝါးဝါး ခံစားရာ) ပြာသာဒ်ဟု ဝိဂွဟပြုသည်) [ယူပ ဓာတ်- ဓေဟနအနက်ဟော+ အ ပစ္စည်း၊ ဃဋ္ဋ ဒီဃပြု။]

ရုညာ ဖောတုဘူတေန။ ။ထိုပြာသာဒ်ကို မဟာပနာဒမင်း ဆောက်လုပ်အပ် သည်မဟုတ်၊ အမှန်မှာ အောက်၌ ပြအပ်သည့်အတိုင်း ထို မဟာပနာဒမင်းအတွက် သိကြားမင်းက ဝိသကြိုနတ်သားကို ဆောက်လုပ်စေအပ်သော ပြာသာဒ်ဘည်း၊ ထို့ကြောင့် ''ရညာ မဟာပနာဒေန ကာရာပိတော''၌ ''ရညာ မဟာပနာဒေန''ဝယ် ''တိတိအနက်၌ တတိယာဝိဘတ်သက်ပါ'' ဟု သိစေလိုရှိ ''ရညာ ဟေတုဘူတေန'' ဟု ဖွင့်သည်၊ [ရညာ ဟေတုဘူတေနဘာဝတိ ဟေတု အတ္ထေ ကရဏဝစနန္တိ ဒဿေတိ။– ရွှိကာ။] ဆက်ဦးအုံ- ''မဟာပနာဒမင်းကြောင့် ဆောက်လုပ်စေအပ်'' ဟူရာ၌ မဟာ ပနာဒမင်းအတွက် ဆောက်လုပ်စွစေအပ်ဟု အနက်ဖြစ်သောကြောင့် ''တဿဇ္ဈာယ'' ဟု အဖြေပေါ်ပြသည်။

သည်၊ ဒေဝလောကာ- မှ၊ စဝိတ္တာ— စုတေ၍၊ သုခုစိဿ — သုခုစိမည်သော၊ ရဥော- ၏၊ ဒေဝိယာ- မိဖုရားဖြစ်သေး၊ သုမေဓာယ—သုမေဓာ၏၊ ကုစ္ဆိသ္မိ- ဝမ်း၌၊ နိဗ္ဗတ္တော — ဖြစ်သည်၊ (ဟုတ္ထာ)၊ မဟာပနာဒေါနာမ - မည်သော၊ ကုမာရော-သည်၊ အဟောသိ- ပြီ။

သော - ထိုမင်းသားသည်၊ အပရဘာဂေ - နောက်အဖို့၌၊ ဆတ္တံ- ထီးကို၊ ဥဿာပေတွာ — စိုက်ထောင်စေ၍၊ (ဆောင်း၍)၊ မဟာပနာဒေါနာမ ရာဇာ ဇာတော-ပြီ၊ အထ-၌၊ အဿာ-ထိုမင်း၏၊ ပညာခန္ဓာဝေန-ကောင်းမှု၏ အာနုဘော်ကြောင့်၊ ဒေဝရာဇာ- သော၊ သင်္ကေဒ- သည်၊ ဝိဿုကမ္မ ဒေဝပုတ္တ-ကို၊ ရဥော— မင်း၏အတွက်၊ (တဒတ္ထသမ္ပဒါနဲ့) ပါသာဒံ- ကို၊ ကရေဟိ- ပြုချေး၊ ဣတိ- ဤသို့ပြောဆို၍၊ ပဟိဏိ- စေလွှတ်ပြီ၊ သော — ထိုဝိသကြံ့နတ်သား၊သည်၊ တဿ — ထိုမင်း၌၊ ပဋိဏိ- စေလွှတ်ပြီ၊ သော — ထိုဝိသကြံ့နတ်သား၊သည်၊ သတ္တရတနမယံ-ရတနာဒုနစ်ပါး၊ဖြင့်ပြီး၊သော၊ သဘာဇုမဂ်-ဘုံဆင့်တရာရှိသော၊ (အထပ်တရာရှိသော)၊ ပါသာဒ်-ကို၊ နိဗ္ဗိန်-ဖန်ဆင်းပြီ၊ ယံ-ယင်းပြာသာဒ်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဇာတကေ - မဟာပနာဒဇာတ်တော်၌၊ မဟာပနာဒေါနာမ သော ရာဇာ၊ပေ၊ဝေယျာဝစ္စကရော ဇာတိ— ဟူ၍၊ ဝုတ္တံ-ဆိုအပ်ပြီ။

၎ မဟာပနာဒေါနာမ၊ပေ၊ ဇာတော။ ။ဥဿာဟသမ္ပယုတ္တို အာဒိနာ မဟာဘာရာဇာနုဘာဝေန, မဟာဘဝ ကိတ္တိသဒ္ဒေန, သမန္နာဂတတ္တာ (မဟာပနာဒ၏အစွဲ၌) စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနသ္မာ ရဉ္ဇနတော (ရာဇာ၏အဖွင့်) မဟာပနာဒေါနာမ ရာဇာ ဇာတော- ဋီကာ။

အဓိပ္ပါယ်။ ။ရဲရင့်မြင့်သတ္တိ စသော ကြီးကျယ်သော မင်း၏အာနုဘော်နှင့်လည်း ကောင်း, ကြီးကျယ်သောကျော်စောသံနှင့်လည်းကောင်း ကောင်း ပြည့်စုံစေသောကြောင့် ''မဟာပနာဒ'' မည်၏၊ ကြီးကျယ်သော မင်း၏အာနုဘော် , ကြီးကျယ်သော ဂုဏ်စောသံရှိသော မင်း- ဟူလို၊ မဟာ-ကြီးကျယ်သော+ ပနာဒေါ— ကျော်စောသံ၊ ရာဇာမည်ပုံထင်ရှားပြီ။

ဇာတကေ ဝုတ္တံ။ ။ မဟာပနာဒေါနာမ သော ရာဇာ အစရှိသောစကားသည် တိကနိပါတ် ပဒုမဝဂ် ဇာတကဋ္ဌကထာ (၃) အုပ် စာမျက်နှာ (၂၉၉) ၌ ပါ၏၊ ထို စကားကို ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးမှ ငါ်ခြံ်ခ်ကမ်းဝယ် မိန့်တော်မူအပ်၏။ ဋီကာဌကား ''အာဃဿ ဟိ ဘဒ္ဒဖိဏ္ဍေရော အတ္တနော သဒ္ဓာဒုတ္တဗုန္ဓံ သုဝဏ္ဏ ပါသာဒံ ဒဿေတွာ ဝေမာဟ'' ဟု ဇွင့်၏၊ ဖြတ်စွာဘုရားက ရဟန်းများအား ဤဂါထာများကို ဟောတော်မူမှီ ဘုရားရှင်၏အမေးကို ဘဒ္ဒဖိဏ္ဍေရ်က ဖြေပုံကို ပြသည် ဟု ယူမှ ဇာတကဋ္ဌကထာနှင့် ညီပေလိမ့်မည်။

ဂါထာအနက်း ။ယဿ-အကြင်မင်း၏၊ ယူဓေါ်-ပြာသာဒ်သည်၊ သုဝဏ္ဏ ယော-ရွှေပကတိရှိ၏၊ (ရွှေအတိပြီး၏)။ [သုဝဏ္ဏမယောဟု ဆိုလိုလျက် ဂါထာ ဖြစ်၍ "မ" အက္ခရာ ချေထားသည်။] တိရိယံ-အနှံအားဖြင့်၊ သောဠသုဇ္ဇမ္ဘေခေ-မြား တဆယ့်ခြောက်စင်းကျ အကျယ်ပမာဏ ရှိ၏။ [ယူဇနာအားဖြင့်ကား တယူဇနာ၏ ထက်ဝက်ပမာဏ ရှိ၏။] အဿ - ထိုပြာသာဒ်၏၊ ဥဒ္ဓံ- အစောင့် သည်၊ (အမြင့်သည်)၊ သဟဿခေ - မြားကျဲတထောင် ပမာဏသည်၊ အဟု – ဖြစ်ပြီး၊ [ဂါထာဖြစ်၍ "အာဟု" ဟု ဒီဃဖြင့် ဆိုထားခြင်း၊ အဟောသိနှင့် အနက် တူသော "အဟု" ဟုဖရင်းတည်း။]

သဟဿကဏ္ဍော – ဘုံဆင့်တထောင် ရှိ၏၊ သတဂေဏ္ဍု - အရာမကသော အတွင်ရှိ၏၊ ဇောသု - မျှားသောတံခွန် ရှိ၏၊ (ထိုထို အတွင်တို့၏အဖျားဌာန် ထပ် ထားအပ်သော ရွှေအလံ ငွေအလံရှိ၏၊) ဟရိတာမယော- စာမီကရမည်သော ရွှေဖြင့် ပြုအပ်၏၊ ဝါ- စိမ်းညိုသောပတ္တမြားဖြင့် ကာရံအပ်၏၊ တတ္ထ – ထို ပြာသာဒ်၌၊ ဆ သဟဿာနိ - ခြောက်ထောင်ကုန်သော၊ ဂန္ဓဗ္ဗာ- ကချေသည် အမျိုးသို့းတို့သည်၊ သဘ္ဗခေ - ခုနစ်ပါးသောအပြားဖြင့်၊ ဝါ- ခုနစ်ပါးသော အလုပ်တို့၌၊ အနုစ္ဆိုး–ကကြေကုန်ပြီ၊ သော ဆုဇာ-ထို ပြာသာဒ်ဝိုင်ရှင် မဃံးသည်၊ ပနာဒေါ်နာမ–ပနာဒ မည်၏။

ဓိရိယံ သောဠသုဇ္ဇေခေ။ ။"ဝိဇ္ဇာရဏော သောဠသ သရပါတပ္ပမာဏော" ဟု ရှိကာဖွင့်၏၊ မြားတဆယ့်ခြောက်စင်းကျ ပမာဏရှိ၏၊ ထိုဝဗ်၏အဓိပ္ပါယ်ကို ရွေး နိသယဆို အောက်ပါအတိုင်း မှာထား၏၊ထို မြားတဆယ့်ခြောက်စင်းကျသည် ယုဇနာ ဝက် ရှိ၏၊ မြားကျဲတထောင်သည် (၂၅) ယူဇနာ ရှိ၏၊ မြားတစင်းကျသည် မြင်မာ အခေါ်အဝေါ်အားဖြင့် ကုလား လေးတာပေါင်း (၂၅၀) ရှိ၏၊ အတောင်အားဖြင့် (၁၀၀၀) ရှိ၏။မြား (၁၆) စင်းကျ အရပ်ကား ကုလားလေးတာပေါင်း (၄၀၀၀), အတောင်အားဖြင့် (၁၆၀၀) ရှိသည်၊ မြွေဘင်ကြည့်ပ။

ဥဇ္ဇုမာဟု သဟဿခေ။ ။ဋီကာအလို "ဥဇ္ဇုမယာ သဟဿခေ"ဟု ရှိသင့်၏၊ "ဥဇ္ဇုမာဟု သဟဿခေ" ဟု ယခုရှိနေသောပါဠိကား ဋီကာ၌ပြအပ်သော ကေစိ ဝါဒတည်း၊ သို့သော် ထို ကေစိဝါဒသည် ဇာတကဋ္ဌကထာနှင့် ညီပါသည်။ ["ဥဇ္ဇု မာဟု" ဟု မူကွဲရှိ၏၊ ဥဇ္ဇုနှင့် ဥဇ္ဇုကား အနက်တူ။]

သတဂေဏ္ဍူ။ ။"သတဂေဏ္ဍုတိ အနေကသတုနိယုဟကော"ဟု ရှိကာဖွင့်၏၊ ထို နိယုဟကဖွဲ့ပုဒ်ကို အဘယဘရာဓမ္မဆရာတော်၏ အဘိဓာန် နိသယသစ် (၈၆၃) ဂါထာ၌ "အထွေ့" ဟု ဘာသာပြန်တော်မူ၏၊ ဇာတကဋ္ဌကထာ၌ကား "သတဘူမိကော" ဟု ဖွင့်သည်၊ ရွေးနိသယ၌ "သတဂေဏ္ဍူ - တရာသော ထုပ်လျောက်ရှိ၏၊ ဝါ–တရာသောဘုံဆင့် ရှိ၏"ဟု ပေးတော်မူ၏။

ဘဒ္ဒဇိ-ဘဒ္ဒဇိ! (ဘဒ္ဒဇိထေရ်ကို ခေါ်တော်မူသောစကား)၊ ယဏ်ာ- အကြင် အခြင်းအရာအားဖြင့်၊ တွဲ- ဆင်သည်၊ ဘာသသိ - ပြောဆို၏၊ (လျှောက်ထား၏)၊ ဝေ်- ဤ အခြင်းအရာအားဖြင့်၊ ဧကံ- ဤပြာသာဒ်သည်၊ တဒါ- မဟာ ပနာဒမင်းဖြစ်ရာ ထိုအခါ၌၊ အာသိ-ဖြစ်ခဲ့ပြီ၊ တဒါ-၌၊ အဟံ-သည်၊ တဝ-၏၊ ဝေယျာဝစ္စကရော-ကိစ္စကြီးငယ်ကိုပြုသော၊ သင်္ကေ-သိကြားသည်၊ အာသိ-ဖြစ်တော်မူခဲ့ပြီ။

သော ရာဇာ- သည်၊ တတ္ထ- ထိုပြာသာဒ်၌၊ ယာဝတာယုကံ- အသက်၏ အပိုင်းအခြားအတိုင်း၊ (ဆသက်ထက်ဆုံး)၊ ဝသိတွာ - နေ၍၊ ကာလံ ကတွာ ဒေဝလောကေ၊ နိမ္မတ္တိ - ဖြစ်ပြီ၊ တသ္မိ - ထို မဟာပနာဒမင်းသည်၊ ဒေဝ လောကေ-၌၊ နိမ္မတ္တော-ဖြစ်လသော်၊ သော ပါသာဒေါ-သည်၊ မဟာဂဠ်ါယ-၌၊ အနုသောတံ-ရေအယဉ်အား ရေလျော်စွာ၊ ဝါ-ရေအယဉ်သို့ အစဉ်လိုက်၍၊ ပတိ-ပြိုကျပြီ၊ တဿ-ထိုပြာသာဒ်၏၊ ဓုရံသောပါနံ သမ္ဘဒ္ဓဥနေ - စောင်းတန်းဦး၏ ရွေးချဖြစ်သောအရပ်၌၊ ပဿာဝပတိဋ္ဌာနံ နာမ - ပဿာဝပတိဋ္ဌာန မည်သော၊ နဂရံ - ကို၊ မာပိတံ - တည်ထောင် ဖန်ဆင်းအပ်ပြီ၊ ထုပိကာ သမ္ဘဒ္ဓဥနေ - အတွင်း၏ ရွေးချဖြစ်သောအရပ်၌၊ ကောဋ္ဌဂါမေ၊နာမ-ကောဋ္ဌရွာမည်သည်ကို၊ (မာပိတော)၊ အဓရဘာဂေ-၌၊ အမှာကံ-တို့၏၊ ဘဂဝတော-၏၊ ကာလေ-လက်ထက်တော်၌၊ သော နဋ္ဌကာရဒေဝပုတ္တော-သည်၊ ဒေဝလောကတော-မှ၊ စဝိတွာ- ၍၊ မနုဿပထေ - လူ့ပြည်၌၊ ဘဒ္ဒဇိသေဋ္ဌိနာမ - ဘဒ္ဒဇိမည်သော သေဋ္ဌေသည်၊ ဟုတွာ-၍၊ သံတ္ထဝ - ၏၊ သန္တိကေ, ပမုခိတွာ-ရဟန်းပြု၍၊ အရ ဟတ္တံ-သို့၊ ပါပုဏိ - ပြီ။

သော-ထို အရှင်ဘဒ္ဒဇိထေရ်သည်၊ နာဝါယ - ဖြင့်၊ ဂင်္ဂါတရဏဒိဝေသ- ဂင်္ဂါမြစ်ကို ကူးရာနေ့၌၊ ဘိက္ခူသံဃဿ-အား၊ တံ ပါသာဒံ-ကို၊ ဒဿေတိ- ပြ၏၊ လ္ဟတိ - ဤသို့ အစရှိသော၊ [လ္ဟတိ သဒ္ဒါ အာဒိအနက်ဟော။] ဝတ္ထု- ဘဒ္ဒဇိထေရ်၏ ဝတ္ထုကို၊ ဝိတ္ထာရေတွဲ-ချဲ့ထိုက်၏၊ [ထို ဝတ္ထု တေရဂါထာ အဋ္ဌ ကထာနှင့် ဇာတကဋ္ဌကထာ မဟာပနာဒဇာတ်တော် စသည်တို့၌ ပါသည်။] ပန - ပရိဟာရပက္ခမှတပါ၊ စောဒကဟက္ခကို ဆိုဦးအံ့၊ ကသ္မာ- ကြောင့်၊ သေ ပါသာဒေါ-သည်၊ နဒ္ဓရုက်တော-မကွယ် မပျောက်သနည်း၊ လ္ဟတိ-ဤကား အမေးတည်း၊ လ္ဟတရသာ - အခြားသော နဋ္ဌကာဒ နတ်သား၏၊ [နတ်ပြည်၌ ကျန်ရစ်ခဲ့သည့် အဖဖြစ်သော နဋ္ဌကာရနတ်သား၏။] အာနုဘာဝါ-အာနု ဘော်ကြောင့်၊ (နဿဋ္ဌရုက်တော)၊ တေန - ထို ဘဒ္ဒဇိထေရ်နှင့်၊ သဒ္ဓိံ ပုည် ကတွာ, ဒေဝလောကေ-၌၊ နိမ္မတ္တ ကုလပုတ္တော-ဖြစ်သော အမျိုးသားသည်၊ (ကျုထရံသည် ဘဝတုန်းက အဖဖြစ်ခဲ့သော အမျိုးသားသည်)၊ အနုဘဝတော-၌၊ (အနုစ်ရှစ်သောဘင်း အသက်တမ်းရှိသော အရိမေတ္တေယျဘုရားရှင် ပွင့်တော်

မူရာ အခါ၌)၊ သခ်ါနာမ - ရာဇာ ဘဝိဿတိ၊ တဿ - ထိုမင်း၏၊ ပရိဘောဂတ္ထာယ - သုံးဆောင်ခြင်းအကျိုးငှာ၊ သော ပါဃာဒေါ့ ဥဒ္ဒဟိဿတိ - ရေမှ ထွက်ပေါ်လာလိမ့်မည်၊ တသ္မာ - ကြောင့်၊ နာ အန္တရဂတေဒ - မကွယ်မပျောက်၊ ဣတိ - ဤကား အဖြေတည်း။

၁၀၈။ ဥဿာပေတွာတိ - ကား၊ တံ ပါဃာဒံ - ကို၊ ဥဒ္ဓါပေတွာ - ရေမှ ထွက်ပေါ်စေ၍၊ [ဥ ရွေးရှိသော + သိခသတ် + ဏာပေပစ္စည်းဖြင့် ပြီးသော ဥဿာပေတွာကို ဥဒ္ဓါပေတွာ ဟု ဖွင့်သည်၊ ဥ ရွေးရှိသော သိခသတ်သည် "ဥသိတဒ္ဓဒေ" ၌ကဲ့သို့ ဥဿာယအနုဂ်ာဟော။] အဇ္ဈာဝဿိတွာတိ-ကား၊ တတ္ထ-ထို ပြာသာဒ်၌၊ ဝသိတွာ-နေ၍၊ တံ ဒတ္တာ ဝိဿဇ္ဇိတွာတိ-ကား၊ တံ ပါဃာဒ်-ကို၊ ဒါန ဝသေန - လှူခြင်း၏ အစွမ်းဖြင့်၊ ဒတ္တာ - လှူပြီး၍၊ နိရပေက္ခော - ငဲ့ကွက်ခြင်းမရှိသည်၊ (ဟုတ္တာ)၊ ပရိစ္စာဂ ဝသေန စ-စွန့်ခြင်း၏ အစွမ်းဖြင့် လည်း၊ ဝိဿဇ္ဇိတွာ-စွန့်ပြီး၍၊ (ပဗ္ဗဇိဿတိ ၌စပ်)၊စ-ဆက်၊ကဿ-အဘယ်သူ့ အား၊ ဧဝံ-ဤသို့၊ ဒတ္တာ-၍၊ (ပဗ္ဗဇိဿတိ-ရဟန်းပြုလိမ့်မည်နည်း)၊ ဣတိ-ဤကား အမေးတည်း၊ [ပါဠိတော်မှ ပဗ္ဗဇိဿတိ ဟုပ်ကို ယူသည်။] သမဏာဒိန်း-ရဟန်း အစရှိသူတို့အား၊ (ဧဝံ ဒတ္တာ ပဗ္ဗဇိဿတိ)၊ ဣတိ-ဤကား အဖြေထည်း၊ တေန-ကြောင့်၊ သမဏ၊ဧဝ၊ဒတ္တာတိ-ဟူ၍၊ (ဘဂဝါ)အာဟ။

ပန - ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအုံး၊ ကထံ - အဘယ်နည်းဖြင့်၊သော-ထိုသခ်မည်သော မင်းသည်၊ဧကံ-တဆောင်သော၊ပါဃာဒံ-ကို၊ ဗဟူန်-ပျားစွာသော ပုဂ္ဂိုလ်တို့အား၊ဒဿတိ-လှူလိမ့်မည်နည်း၊(လှူမှာတဲ့လား)၊ ဣတိ-ဤကား အမေးတည်း၊ ဧဝံ-သို့၊ အဘာ-ထို မင်း၏၊ စိတ္တံ - သည်၊ ဥပ္ပဇ္ဇိ ဿတိ ဂ်ရ- ဖြစ်လိမ့်မည်တဲ့၊ (ကိံ - အဘယ်သို့ ဖြစ်လိမ့်မည်နည်း)၊ အယံ ပါဃာဒေါ - သည်၊ ဝိမုဂ်ိရိယတု - ဖရိဖရဲ ကြွအပ်ပါ၏၊ ဣတိ - ဤသို့ စိတ် ဖြစ်လိမ့်မည်တဲ့၊ သော - ထို ပြာသာဒ်သည်၊ ဧတ္တ ဆွေးသော - အပိုင်း အပိုင်း အားဖြင့်၊ ဝိပ္ပကိရိဿတိ - ဖရိဖရဲ ကြွလိမ့်မည်၊ သော - ထို မင်းသည်၊ တံ-ထို ပြာသာဒ်ကို၊ အလဂ္ဂ မာနော၁ - မငြိကပ်သည်သာ၊ ဟုတ္တာ၊ ယော - အကြင် သူသည်၊ ယတ္ထက်-အကြင်မျှ အတိုင်းအရှည်ရှိသော ဝတ္ထုကို၊ ဣစ္ဆတိ၊ သော -

---

ဒတ္တာ, ဝိဿဇ္ဇိတွာ။ ။[သဒ္ဒဇောတ်သည် စွန့်လှူခြင်းအနက် ဟောရာ၌ ဘူဝါဒိ ဖြစ်သောကြောင့် ဝိဿဇ္ဇိတွာ ဟုလည်းကောင်း, ဒုဟိ ပြေ်ရှိ ဝိဿဇ္ဇေတွာ ဟုလည်း ကောင်း ရှိသည်။] တိုပြဉသာဒ်ကို မိမိ၏ သံခ်ါပိုက်အပ်သော ဝတ္ထုအဖြစ်မှ စိတ်ဖြင့် ဒွေးဦးစွာ လှူမှုကို "ဒတ္တာ" ဟု ဆိုသည်၊ ထိုသို့ စိတ်ဖြင့်လှူပြီးနောက် အလှူခံပုဂ္ဂိုလ် တို့အား သူပိုင်ဖြစ်အောင် ကိုယ်ထိလက်ရောက် ပေးလှူသောအခါ ငဲ့ကွက်မှုမရှိတော့ဝဲ စွန့်လိုက်ခြင်းကို "ဝိဿဇ္ဇိတွာ" ဟု ဆိုသည်၊ ဤသို့ ဤနေရာ၌ အဏူးမှတ်ပါ။- ဋီကာ။

သည်၊ တတ္ထက်-ကို၊ ဂဏ္ဌတု-ယျပါစေ၊ ဣတိ-ဤသို့ပြောချိ၊ ဒါနဝဇ္ဇသုန-ဖြင့်၊ ဝိသဒ္ဒီဆတိ – လိမ့်မည်၊ ။ ထိုပြဿာဝံသည် ရတနာခုနှစ်ညီး ဖြစ်သောကြောင့် အဆောက်အဦ ပျက်စီးသွားသောင်းလည်း ယူနိုင်သည်။ ။ တေန- ကြောင့်၊ ဒါန ဒတ္တုံ၊ ပေ၊ ပိဟရိဿတီတိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ တ္တေကေန-ဤမျှ အတိုင်း အရှည်၌ ရှိသော ဒေသနာ အာဠ်ဖြင့်၊ [တ္တေကေနာတိ ဘူတပုဗ္ဗံ ဘိက္ခဝေတိ အာဒိ-ကတွာ ယာဝ ပဗ္ဗိဿတီတိ ပဒံ၊ တ္တေကေန ဒေသနာ မဂ္ဂေန၊—ဦးကာ။] ဘဂဝါ-သည်၊ ဝန္ဒဂါ မြို ကုသလဿ-ဝဋ်ဆိုသို့ အစဉ်လိုက်သော ကုသိုလ်၏၊ အနုသန္ဓိ-အနုသန္ဓေကို၊ ဒဿေတိ-ပြတော်မူ၏။

၁၀၉။ ဣဒါနိ - ဦး၊ ဝိဝဋ္ဋဂါမြိကုဆံလဿ-ဝဋ်၏ဆန့်ကျင်ဘက် နိဗ္ဗာန်သို့ သွားကြောင်းကုသိုလ်၏၊ အနုသန္ဓိ-ကို၊ ဒဿေန္တော (ဟုတ္တာ)ပုန-ဖန်၊ အတ္ထ ဒီပါဘိက္ခဝေ ဝိဟရထာတိ အာဒိ-အစရှိသောစကားကို၊ (ဘဂဝါ)အာဟ။

တိက္ခုနော အာယုဝဏ္ဏာဒိ ဝနုနကထာ ဝဏ္ဏနာ

၁၁၀။ ဣဒံ ခေါ ဘိက္ခဝေ ဘိက္ခုနော အာယုသ်ဿိန်–ဟူသော ဤပါဠိဖြင့် (ဒဿေတိ ၌စပ်)၊ ဘိက္ခဝေ့ ခေါ - သင်တို့အား၊ အံဟ - သည်၊ အာယုနာဝိ ဝန်းသထာတိ–ဟူသော၊ ယံ - အကြောင် စကား ကို၊ အဝေါစ် - မိန့်တော်မူခဲ့ပြီ၊

ဇုဒံ ဘိက္ခုနော အာယုသ်ဿိ"။ ။[အာယုသ်ဿိ"ရှင် သို့ ဝိတတ်ကို ပဌမာအနက်၌ သက်ပ။။] ဇုရှိပါဒ်လေးပါးကို မိမိသန္တာန်၌ ဖြစ်စေခြင်းသည် အာယု၊ (အသက်) မဟုတ်, အာယုကာရဏ (အသက်ရှည်ခြင်း၏ အကြောင်း) သာတည်း၊ ဤ၌ အကျိုး ဖြစ်သော အသက်၏ အာယုဟူသောအမည်ကို အကြောင်းဖြစ်သော ဇုရှိပါဒ်လေးပါး ၌ တင်စား၍ အကြောင်းဖြစ်သော ဇုရှိပါဒ်လေးပါးကို ဖလုပစာရအားဖြင့် "အာယု သ်ဿိ"" ဟု ဟောတော်မူသည်၊ ဤအဓိဂျါယိကိုရည်ရွယ်၍ " ဇုဒံ အာယုကာရဏန်တွေ့ အဇ္ဈော"ဟု ဖွင့်သည်။

ဒ္ဓိကာ။ ။ဒ္ဓိကာဌိကား အာယုသ်ဿိန် သို့ ကို ပဌမာအနက်၌ မသက်စေဝဲ, ဇုဒံ၏ စပ်ပုစ်ကိုလည်း "ဇုရှိတန်မှ"ဟု ထည့်ပြီးလျှင် ဇုဒံနှင့် အယုသ်ကို တုလျာဓိကရဏဟု မယူမူ၍ တမျိုးတွင်သွားသည်၊ ထိုအလို "အာယုသ်ဿိ"- အသက်ရှိ (အသက်ရှည်ပုဂ္ဂိ)၊ ဇုဒံ-ဤ ဇုရှိပါဒ်လေးပါးကို (ဇုရှိပါဒ်လေးပါးကို မိမိသန္တာန်၌ဖြစ်စေခြင်းဟူသော ဤ အကြောင်းကို)၊ ဘိက္ခုနော- ရဟန်းသည်၊ ဇုရှိတန်မှ- အလိုရှိထိုက်၏"ဤသို့ အနက် ပေးရမြေလိမ့်မည်။

ကိုယ်အဆင်းနှင့် ဂုဏ်သတင်း။ ။သိလရှိသူ၏သန္တာန်၌ ထိုသိလကို အခြေခံ၍ အဝိဂ္ဂဠိသာရ (နှလုံး မသာမယာ မဖြစ်မှု), ပါမောဇ္ဇ (ဝမ်းမြောက်မှု)ဝိတိ, ပဿဒ္ဓိ (အေးချမ်းမှု), သုခ (စိတ်ချမ်းသာမှု), သမာဓိ (စိတ်တည်ကြည်မှု), ယထာဘူတ ဉာဏာဒိ (အမှန်ကိုသိသောဉာဏ် စသည်) တို့ ဖြစ်၏၊ ထိုဆရားများဖြစ်ခြင်းကြောင့်

တတ္ထ-ထိုစကား၌၊ ဣဒံ-ဤအကြောင်းသည်၊ (ဤဖွို့ပါဒိလေးပါးကို မိမိသန္ဓာန်၌ ဖြစ်စေခြင်းသည်)၊ ဘိကျွေန၁ ၏။ အာဃုသ္မိ – အသက်တည်း၊ ဝါ-အသက်ရှည်ခြင်း၏ အကြောင်းတည်း၊ ဤဒံ - သည်၊ အာဃုကာ၀ုဏ် – အသက်၏ အကြောင်းတည်း၊ ဤတိ အတ္ထော-နက်၊ တသ္မာ – ကြောင့်၊ တုမှေဟိ - သင်ဘို့သည်၊ အာဃုနာ - ဖြင့်၊ ၀နိတုကာမေဟိ - တိုးပွားခြင်းငှါ အလိုရှိကုန်သည်၊ (သမာနေဟိ-ဖြစ်ကုန်လေသော်) စတ္တာရော-ကုန်သော၊ ဟုမေ ဤဖွို့ပါဒါ-တို့ကို၊ ဘာ၀ေတဗ္ဗာ – မိမိသန္ဓာန်၌ ဖြစ်စေထိုက်ကုန်၏။ ဤတိ – ဤ အနက်ကို၊ ဒဿေတိ။

၀ဏ္ဏသို့ နှိ– ဟူသော ဤပါဠိဖြင့်၊ (ဒဿေတိ ၌စပ်)၊ ၀ေါ– တို့အား၊ အဟံ-သည်၊ ၀ဏ္ဏေနပိ ၀မိုဿထာတိ– ဟူသော၊ ယံ-ကို၊ အ၀ေါစံ၊ တတ္ထ-၌၊ ဤဒံ-ဤ ပါတိမောက္ခသံ၀ရသီလနှင့် ပြည့်စုံခြင်းသည်၊ ၀ဏ္ဏကာရဏံ-အဆင်း၏ အကြောင်းတည်း၊ (ကိုယ်အဆင်းနှင့် ကျော်စောခြင်းဟူသော၁ဂုဏ်အဆင်း၏ အကြောင်းတည်း)၊ ဟိ - မှန်၊ သီလ၀တော – သီလရှိသူ၏၊ (သရီရ၀ဏ္ဏောပိ ဂုဏ၀ဏ္ဏောပိ တို့၌စပ်၊) အဝိပ္ပဋိသာရာဒီနံ – နှလုံးမသာမယာ မဖြစ်ခြင်းအစရှိသည်တို့၏၊ ၀သေန-ဖြင့်၊ သရီရ၀ဏ္ဏောပိ-ကိုယ်၏အဆင်းသည်လည်းကောင်း၊ ကိတ္တိ၀သေန – ကျော်စောခြင်း၏အစွမ်းဖြင့်၊ ဂုဏ၀ဏ္ဏောပိ – ဂုဏ်ဟူသော အဆင်းသည်လည်းကောင်း၊ ၀စုတိ–တိုးပွား၏၊ တသ္မာ, တုမှေဟိ–တို့သည်၊ ၀ဏ္ဏေန ၀စီတုကာမေဟိ (သမာနေဟိ) သီလသမ္ပန္နေဟိ – သီလနှင့် ပြည့်စုံသူတို့သည်၊ ဘ၀ိတဗ္ဗံ–ဖြစ်ထုံး၏၊ ဤတိ ဒဿေတိ။

ထိုဗိတ်တို့နှင့် အတူဖြစ်သည့် မွန်မြတ်သော၀စီဘေဒရုပ်များ တကိုယ်လုံး၀ယ် ပျံ့နှံ့နေရကား ခန္ဓာကိုယ်၌ အဆင်းခတ်လည်း ထူးထူးခြားခြား ကြည်လင်နေ၏၊ ထိုသူ၏ ဂုဏ်သတင်းကား လူသတင်း လူချင်းခေ်ာင်လျက် အရပ်တိုင်းတွင် ဖွေးကြိုင် လှပ၍ ခ့နပေလိမ့်မည်။

ဖ်ာ်ချက်။ ။တရားထူး ရ- မရ အကဲခတ်ရာ၌ ကြည်လင်နေသော ရုပ်အဆင်းနှင့် မျက်နှာကိုကြည့်၍ အကဲခတ်ကြ၏၊ ထိုသို့ အကဲခတ်၍ ဖြစ်လောက်အောင်ပင် အတွင်း၌၌သော တရားဂေါတ်ကြောင့် အချို့သူတို့၏ ရုပ်အဆင်းနှင့် မျက်နှာသည် ထူးထူးခြားခြား ကြည်လင်နေပေသည်၊ မျက်နှာကြည့်၍ အကဲခတ်ကြံ့ကို ဘုရားရှင်နှင့် ဥပက အရှင်အဿဇိနှင့် ဥပတိဿ (အရှင်သာရိပုတ္တရာအလောင်း) ဝမ်းဗွိုက်တို့ ဧတ္တဆိုရာ၌ ပေါ်သော၀စနားများဖြင့် သိပါ၊ သို့ရာတွင် သီလမစစ်ကြေပဲ့ ကိုယ်ကျင့်မကောင်းသော်လည်း မှင်မယုက် နေတတ်သူများလည်း ရှိကြပေသည်၊ မှင်ကောင်းသူများသည် အမှားပြုထားခဲ့သော်လည်း မျက်နှာ မယုက်ကြပါ၊ ဒုစရိုက်၀ါရဏ်သူများသာ။

သုခသ္မိန္တိ– ကား၊ ဝေါ–တို့အား၊ အာဟံ-သည်၊ သုခေနပိ ဝစီဿဏာတိ– ဟူသော၊ ယံ၊ အဝေါစိ၊ တတ္ထ-၌၊ ဝိဝေကဇံနိဝရဏတ္ထိမှ ကင်းခြင်းကြောင့် ဖြစ်သော၊ ပီတိသုခါဒိ နာနပ္ပကာရကံ–ပီတိသုခ အစရှိသော အထူးထူးသော အပြားရှိသော၊ [အာဒိဖြင့် သမာဓိဇ, အပ္ပီတိဇ, သတိပါရိသုဒ္ဓိဇတို့ကို ယူပ။။] လ္ဟဒိ ဈာနသုခံ-သည်၊ ဘိက္ခုနော – ၏၊ (သုခသ္မိ' - တည်း)၊ တသ္မာ တုမှေဟိ သုခေန ဝစီတုကာမေဟိ (သမာနေဟိ) စတ္တာရိ ဣမာနိ ဈာနာနိ ဘာဝေတဗ္ဗာနိ။

ဘောဂသ္မိန္တိ- ကား၊ ပေ၊ အဝေါစံ၊ အပ္ပမာဏာနံ – အတိုင်းအရှည် မရှိကုန်သော၊ သတ္တာနံ- သတ္တဝါတို့အား၊ အပ္ပဋိကူလတာဉဝဟော- ဆန့်ကျင်ခြင်း မရှိသူ၏ အဖြစ်ကို ဆောင်တတ်သော၊ သုခသဃနဘဒိ ကောဒသာနံသံသော–

အပ္ပဋိကူလတာဝဟော။ ။ပဋိကူလသဒ္ဒါသည် ဆန့်ကျင်ဖက်အနက်ကို ဟော၏၊ [ပဋိကူလံ တွ ပသမ္ပါ– အဘိဓာန် (၇၁၉) ။] ဆန့်ကျင်ခြင်းမရှိသည်၏ အဖြစ်ဟူသည် မိမိတလည်း သတ္တဝါအားလုံးတို့၌ မဆန့်ကျင်, သတ္တဝါအားလုံးတို့ကလည်း မိမိအပေါ်၌ မဆန့်ကျင်ခြင်းတည်း၊ တယောက်နှင့်တစ္ဆယာက် ဆန့်ကျင်ဖက်ဖြစ်နေလျှင် ရန်သူဖြစ်တော့၏၊ ယခုကား မြတ္တဝိဟာရတရားကြောင့် သတ္တဝါအားလုံးတို့ အပေါ်ဝယ် ဆန့်ကျင်ဖက်မဖြစ်တော့ရကား အားလုံးပင် မိတ်ဆွေတွေချည်း ဖြစ်နေ၍ မိမိမှာ ချမ်းချမ်းသာသာ အိပ်ရ နေရခြင်းစသော် အကျိုးများဖြစ်သည်၊ ထိုအကျိုးများကား အလွန် ချမ်းသာခသာ စည်းစိမ်ပင်တည်း၊ ထို့ကြောင့် "လ္ဘဒ် ဘိက္ခုနော ဘောဂသ္မိ' - ၌ မြတ္တဝိဟာရသည် ရဟန်း၏ စည်းစိမ်' ဟု ဟောတော်မူသည်။ [ကောဒသာနိသံသေ၏ သရုပ်ကို ကောဒသဂိုဏ္ဍာရဋ္ဌ ရှု၀။။]

အနက်ပေးမှတ်ချက်။ ။ရှေးနိဿယ၌ "အပ္ပဋိကူလတာဝဟော-ခွဒ္ဒာဂတ်ယ့က် ခြင်း မရှိသည်၏အဖြစ်ကို ဆောင်တတ်သော " ဟု ပေး၏၊ ပဋိကူလသဒ္ဒါကို အနာကူလာစ ကမ္မန္တဋ္ဌ အာကူလသဒ္ဒါနှင့် အနက်တူ၏၊ ဟု ဆိုလိုဟန်တူ၏၊ "အနှောက် အယှက် မရှိသဖြင့် ချမ်းသာစွာဝနေရ၏" ဟု အဓိပ္ပါယ်ရသော်လည်း သဒ္ဒါနှင့်အနက် ကွာဟချက် များလွန်းသည်။

ဒွိကာ ။ ။ အပ္ပဋိကူလတာဝဟောတိ အပ္ပမာဏာနံ သတ္တာနံ , အတ္ထနော၁ တေသု အပ္ပဋိကူလ ဘာဝဝတော၁၊ ထိုဝါကျ၏ ဆိုလိုရင်းကား- အတိုင်းအရှည်မရှိသော သတ္တဝါတို့က မိမိ၌ ဆန့်ကျင်ခြင်းမရှိ, မိမိကလည်း ထို သတ္တဝါတို့အပေါ်၌ ဆန့်ကျင်ခြင်း မရှိသော်ကြောင့် "အပ္ပဋိကူလတာဝဟ" ဖြစ်သည်ဟု ဆိုလိုသည်။ [အပ္ပဋိကူလ တာ ဝဟောဒ် "အပ္ပဋိကူလတာ" ဟူသော ပုဒ်တစိတ်တို့ ယူ၍ "အပ္ပဋိကူလ ဘာဝ ဝတော"ဟု အဓိပ္ပာယ်ပြသည်။]

ချမ်းသာစွာ အိပ်ရခြင်း အစရှိသော တဆယ့်တပါးသော အကျိုးရှိသော၊ အယ်သော သဗ္ဗဒီသာ စိပ္ပါရိတ ဗြဟ္မဝိဟာရ တောဂေါ - ထိုကဲ့သို့သော ခပ်သိမ်းသော အရပ်ထိုင် ပုံနှိုက်ခြင်းရှိသော ဗြဟ္မဝိဟာရ ဟု ဆိုအပ်သော ဤ စည်းစိမ်သည်၊ (ဘိကွူနော-၏၊ ဘောဂသွိ-တည်း၊) တသ္မာ၊ပေ၊ဘာဝေတဗ္ဗာ။

ဗလသ္မိန္ဒိ-ကား၊ပေ၊ အဝေါဓိ၊(တတ္ထ-၌၊) အာသုဝက္ခယပရိယောသာနေ-အာသဝေါတရားတို့၏ကုန်ခြင်း အရဟတ္တမဂ်ဉာဏ်၏အဆုံး၌၊ ဥပ္ပန္နေ-ဖြစ်၊ အရဟတ္တဖလသခ်ါတံ-အရဟတ္တဖိုလ်ဟု ဆိုအပ်သော၊ ဣဒံ ဗလံ-ဤအာနုဘော်သည်၊ (ဗလသ္မိ- - အာ၊မည်၏၊) [ထို အရဟတ္တဖိုလ်၏ ပျက်စီးခြင်းသဘော မရှိသည့် အတွက် ဂုဏ်တရားသော ဆန့်ကျင်ဘက်တရားက မလွှမ်းမိုးနိုင်သောကြောင့် “ အရဟတ္တဖလသခ်ါတံ ဗလံ ”ဟု ဆိုသည်။] တသ္မာ၊ ပေ၊ ဝနိုတုကာမေဟိ (သမာနေဟိ) အရဟတ္တပ္ပတ္တိယာ-အရဟတ္တဖိုလ်သို့ ရောက်ခြင်း၌၊ ယောဂေါ-အားထုတ်မှုကို၊ ကရဏီယေဒ္ဓ- ပြုထိုက်၏။

ယထယိဒံတိက္ခဝေ မာရမုလန္ဓိ - ဟူသော ဤပါဠိဖြင့်၊ (ဒဏ္ဍာဒိ - ၌စပ်)၊ ဒေဝပုတ္တမာရ မစ္စုံ၊မာရ ကိလေသမာရာနုံ-ဒေဝပုတ္တမာရ်ံ မစ္စုံ၊မာရ် ကိလေသမာရ်တို့၏၊ ဣဒံ ဗလံ - ဤ အစ္စုမိ်းသည်၊ ဒုပ္ပသဟံ ယထာ - ခဲယဉ်းသဖြင့်

သဗ္ဗဒီသာ စိပ္ပါရိတ ။ ။ တိတ္ထဝ သံဟာရဒိဝသေန ပဝတ္တိယာ (စီးပွားကို ဆောင်ခြင်း အစရှိသည်၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်) [အာဒိဖြင့် သနားခြင်း စသည်ယူ။] သဗ္ဗဒီသာသု ဇရဏ အပ္ပမာဏာဝသေန (အလုံးစုံသော အရပ်မျက်နှာတို့၌ မေတ္တာဖြန့်ခြမ်းမှု၏ အတိုင်းအရှည် မရှိသည်၏အစွမ်းဖြင့်) သမ္မဒိသာသု ဝိပ္ပါရိကတာ၊- ရှိက၁ “ဥဒ္ဓံ အဓောဓ တိရိယဉ္စ အသမ္ဘာဓံ- အထက် အောက် အလယ် အရပ်တိုင်း၌ ခံနှံစပ်စပ်ဖြန့်သုဖြင့် ပြန့်နှံ့ ကျယ်ဝန်း၍ ကျဉ်းမြောင်းခြင်းမရှိအောင် ဓမတ္တာဖြန့်ခရာ၏” ဟူသော စကားတော်နှင့်အညီ အရဟ်မျက်နှာတိုင်း၌ မိဒိစိတ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ထားသည်ဟု ဆိုလိုသည်။

မာရမုလံ။ ။သေနာဃံ သဗ္ဗိယံစေဝ, ထူလတ္တေစ ဗလံ ဘဝေ၊ အဘိဓာန် (၇၆၄) လာ ဗလဃဒ္ဒါဒါ၏ အနက်ထို့ဘွင် ဤ၌ သတ္တိ (အစ္စမိ်း) အနက်တည်း၊ မာရာနုံ + ဗလံ မာရမုလံ = ဒေဝပုတ္တ ကိစ္စလသ မစ္စုမာဒိုလိုက်၏ အစ္စမိ်းသတ္တိ၊ မာရ်ဝါး၊ပါး ရှိသော်လည်း ဤနေရာ၌ ခန္ဓနှင့် အတိသခ်ါရကို မပြု၊ လောကဉ် ဗလအားလုံးကို့တွင် ဤ မာရဗလကို နှိုင်ရှိရာ အခက်ဆုံးတည်း၊ ထို့ကြောင့် “ယထာ၊ပေ၊ဧကမလဿိ” ဟု ဆိုသည်။

စာဓဝ်။ ။ဧလာကေကို ဧကမလမ္ပိဠိစပ်၊ ထိုပုဒ်ကိုလည်း ဒုပ္ပသဟံ ဒုရုတိသမ္ဘဝံ ပုဒ်များကို လိုက်စေ၍ အဓိပ္ပါယ်ယူပါ၊ မာရမလကို လွှမ်းမိုးရာ၌ လောကီကုသိုလ် တရားတို့ဖြင့်သာ မလွှမ်းမိုးနိုင်၊ ဧသာတာပတ္တိမဂ်ဝသော လောကုတ္တရာ တရားတို့ဖြင့် ကား လွှမ်းမိုးနိုင်၏၊ လောကုတ္တရာတွင် အသာဆုံးဖြစ်သော အရဟတ္တဖိုလ်ဖြင့်ကား ကေန် လွှမ်းမိုးနိုင်ပေသည်သာ၊- ရှိက၁။

လွှမ်းမိုးအပ် လွှမ်းမိုးနိုင်သကဲ့သို့။ ဒုရုတိသမ္ဘဝ် ယထာ-လွှမ်းမိုးနိုင်ခဲ့ သကဲ့သို့၊ [ဒုပ္ပသဟ်၌ ဒုရွေး+ပရွေးရှိသော+သဟဓာတ်သည် အတိဘဝနှ အနက်ဟောဟု သိစေလိုရှိ၍ ‘‘ဒုရုတိ သမ္ဘဝ်’’ဟု ဖွင့်သည်။] ဧဝံ- ဤအတူ၊ (သို့ကလောက်) အည်- မာရ ဗလမှ အခြားသော၊ (တံ) ကေ ဗလမြိ–ထို တမျိုးသော အားကို လည်း၊ နသမနုပဿာမိ–သင့္ဘညုတာဉာဏ်ဖြင့် ကောင်းစွာ မြင်တော်မမူ၊ တမြိ ဗလံ-ထို မာရဗလကိုလည်း၊ ဣဒ မေဝ အရဟတ္တဖလံ-ဤ အရဟတ္တဖိုလ်ကသာ၊ ပသဟတိ–လွှမ်းမိုးနိုင်၏။ အတိဘဝတိ-လွှမ်းမိုး၍ ဖြစ်နိုင်၏၊ အဧွောဘွဆုတိ– လွှမ်းမိုးနိုင်၏၊ [ပသဟတိကို အတိဘဝတိဟု လည်းကောင်း၊ အတိဘဝတိကို အဧွောဘွဆုတိဟု လည်းကောင်း အဆင့်ဆင့် ဖွင့်သည်။] တသ္မာ၊ ဧတ္ထော–ဤ အရဟတ္တ ဖိုလ်၌သာ၊ (အရဟတ္တဖိုလ် အကျိုးဌ'ါသာ)၊ ယောဂေါ ကရဏီ ယော၊ လ္ဟတိ-ဤ အနက်ကို၊ ဒဿတိ– ပြ၏။

ဧဝမိဒ်ပုညန္တိ– ကား၊ ဧဝံ- ဤသို့၊ (တုန္ဒိပိုဝါဒ်လေးပါးကို ပွားများမှုမှစ၍ စေတောဝိမုတ္တိဟူသော ဗလကို မျက်မှောက်ပြုခြင်း တိုင်အောင်သော အစီအရာ)ဖြင့်၊) လ္ဟဒံ လောကုတ္တရဂုဏသိုလ်၏ - ဤ လောကုတ္တရာကုသိုလ် သည်လည်း၊ [ပိဒြင့် လောကုတ္တရာကုသိုလ်၏ နောက်၌ဖြစ်သော ဖိုလ်ကို ယူ၏။] ယာဝ အာသဝက္ခယာ– အရဟတ္တမဂ်တိုင်အောင်၊ ပဝတ္တတိ- တိုးပွား၏၊ လ္ဟတိ-ဤသို့၊ ဝိဝဋ္ဋဂါမိ ကုသလာနုသန္ဓိ - ဝိဝဋ္ဋဂါမိကုသိုလ်၏ အနုသန္ဓေကို၊ နိဋ္ဌပေန္တော– ပြီးဆုံးစေတော်မူလိုသည်၊ (ဟုတ္တာ)၊ အရဟတ္တနိကုန္တေန– အရဟတ္တဖိုလ်ဟူသော အတ္ထင်္ဂဖြင့်၊ ဒေသနံ-ကို၊ နိဋ္ဌပေသိ- ပြီးဆုံးစေတော်မူပြီ၊ [‘‘အတ္ထင်္ဂပါ ဘိက္ခဝေ ဝိဟာရဒ’’စသည်ဖြင့်ဝိဝဋ္ဋဂါမိကုသိုလ်၏အနုသန္ဓေကိုစေတော်မူခဲ့၍ ‘‘ဧဝမိဒ် ပုညံ ပဝုစ္စတိ’’ဩဋ္ဌ ထိုကုသိုလ်၏အနုသန္ဓေကို ပြီးဆုံးစေတော်မူသည်။] သတ္တဟမရိယော သာနေ– စက္ကဝတ္တိသုတ်တော်၏ အဆုံး၌၊ ဝိသတိ- နှစ်ဆယ်သော၊ ဘိက္ခုသဟဿာနိ – ရဟန်းအထောင်တို့သည်၊ (တနည်း) ဝိသတိ ဘိက္ခုသဟဿာနိ – ရဟန်းထောင်ပေါင်း နှစ်ဆယ်တို့သည်၊ (ရဟန်း နှစ်သောင်းတို့သည်)၊ အရဟတ္တံ-သို့၊ ပါပုဏိ့သု- ဆောက်တုန်ပြီ၊ စတုဒ္ဒသီတိ ပါဏသဟဿာနိ- ရွှေသောင်း လေးထောင်သော သတ္တဝါတို့သည်၊ အမတပါနံ-နိဗ္ဗာန်ဟူသော အမြိုက်ရေကို၊ ပိဝိ့သု-သောက်ကြရကုန်ပြီ၊ [အောက်မင် အောက်ဖိုလ် တရားထူးရ၍ နိဗ္ဗာန်ကို မြင်ကြသည်-ဟူလို။] လ္ဟတိ-စက္ကဝတ္တိသုတ်အဖွင့် အပြီးတည်း။

